# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၂)၊ ၁၃၈၇ ခုနှစ် ၊ ပြာသိုလဆန်း ၁၃ ရက် ၊ ၃၁-၁၂-၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းဆိုင်ရာတို့နှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ကြေညာ

စာမျက်နှာ » ၃

## ၂၀၂၆ ခုနှစ် နှစ်သစ်ကူးအကြို တေးဂီတဖျော်ဖြေပွဲသို့ ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကား

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဒေသခံပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ အပန်းပြေပျော်ရွှင်စေရန် နှစ်သစ်ကို သာယာချမ်းမြေ့စွာ ကြိုဆိုနိုင်ရန်နှင့် စိတ်ခွန်အားသစ်များ ရရှိရန် ရည်ရွယ်၍ ကျင်းပသည့် ၂၀၂၆ ခုနှစ် နှစ်သစ်ကူးအကြို တေးဂီတဖျော်ဖြေပွဲတတိယနေ့ကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ်(၁)နှင့်(၂)၌ ကျင်းပရာ ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့သည် ဖျော်ဖြေပွဲ တတိယနေ့ ရောက်ရှိလာသည်နှင့်အညီ မှန်းလွဲပိုင်းမှစတင်၍ ဒေသခံပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများသည် ဂီတဖျော်ဖြေပွဲကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းများအတွင်းသို့ မိသားစုအလိုက်၊ မိတ်ဆွေသူငယ်ချင်းအစုအဖွဲ့အလိုက် ပါဝင်ဆင်နွှဲရန် မော်တော်ယာဉ်များ၊ သုံးဘီးဆိုင်ကယ်များ၊ ဆိုင်ကယ်များဖြင့် တဖွဲဖွဲလာရောက်ကြသည်ကို တွေ့မြင်ရသည်။

စာမျက်နှာ ၅ သို့ ○



**၂၀၂၆ ခုနှစ် နှစ်သစ်ကူးအကြို တေးဂီတဖျော်ဖြေပွဲ တတိယနေ့ကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။**

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

## ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

ဟိုတယ်များအနေဖြင့် မိမိတို့ ဟိုတယ်များသို့ လာရောက်တည်းခိုနေထိုင်ကြမည့် ဧည့်သည်များကို အဆင့်အတန်းမီသော ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုများပေးနိုင်ရန် စဉ်ဆက်မပြတ် ကြိုးစားကြရေး၊ ဟိုတယ်ရှိ ဝန်ထမ်းများအား စွမ်းဆောင်ရည် ပြည့်ဝသော ဝန်ထမ်းများဖြစ်စေရေး၊ အစားအစာချက်ပြုတ်ဆောင်များကို ကျန်းမာရေးနှင့် ညီညွတ်မှုရှိပြီး သန့်ရှင်းသပ်ရပ်မှုရှိအောင် ပြင်ဆင်ထားရှိကာ မြန်မာ့ရိုးရာအစားအစာများကို အဆင့်အတန်းမီစွာ ချက်ပြုတ်ပြင်ဆင်ဧည့်ခံရေး၊ ဟိုတယ်များသို့ ဧည့်သည်များ ပိုမိုလာရောက် တည်းခိုကြစေရေးအတွက် ဈေးကွက်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနနှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ဟိုတယ်များ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာတွင် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် အင်းယားလိတ်ဟိုတယ်၌ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းအနေဖြင့် ခရီးသွားပြပွဲများ စီစဉ်ကျင်းပပြုလုပ်ခြင်းသည် မြန်မာနိုင်ငံအား နိုင်ငံတကာမှ ခရီးသွားလုပ်ငန်းရှင်များ သိရှိပြီး package tour များ၊ ပြည်ပခရီးသွားများ ပိုမိုလာရောက် လည်ပတ်ကြစေရေးအတွက် အထောက်အပံ့ကောင်းများ စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများ၏ ပကတိအခြေအနေမှန်ကို သိရှိပြီး နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ ပိုမိုလာရောက် လည်ပတ်ကြစေရေး ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းတွင် ပုဂ္ဂလိက ကဏ္ဍအချင်းချင်း နီးကပ်စွာပူးပေါင်း ဆောင်ရွက်နိုင်ခြင်းဖြင့် အကျိုးကျေးဇူးကောင်းများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ အဓိကခရီးစဉ်ဒေသကြီးများသာမက အလားအလာရှိသည့် ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်မြှင့်တင်နိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပြည်တွင်းပြည်ပ ခရီးသွားပြပွဲများ၌ မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားပြခန်းများ ခင်းကျင်းပြသနေမှု၊ ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ်များ စီစဉ်ဆောင်ရွက်နေမှု၊ ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်လည်ပတ်ကြစေရေးအတွက် ခရီးစဉ်ဒေသများ မြှင့်တင်ကြော်ငြာနေမှု၊ ခရီးသွားပြပွဲများ(UMTA Travel Fair 2026)ကျင်းပပြုလုပ်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ခရီးသွားခြင်းသည် ဗဟုသုတပဒေသာပင် စိုက်ပျိုးခြင်းပင်ဖြစ်သည်။ ခရီးသွားလာခြင်းမှ ပေါက်ဖွားလာသော အကျိုးသက်ရောက်မှုများသည် မိုးကောင်းပင်တမျှ များပြားလှသည်။ ခရီးသွားခြင်းအမျိုးမျိုးရှိသည်။ ရည်ရွယ်ချက်ဖြင့်သွားခြင်း၊ ရည်ရွယ်ချက်မရှိဘဲသွားခြင်း၊ မိမိတိုင်းပြည်အတွင်း လည်ပတ်ခြင်း၊ ပြည်ပနိုင်ငံသို့ ခရီးထွက်ခြင်း၊ ဒေသန္တရဗဟုသုတရှာဖွေဖို့ ခရီးသွားခြင်းတို့ပါဝင်ပြီး မည်သည့်ခရီးသွားခြင်းမဆို အထွေထွေဗဟုသုတကို ရရှိစေမည်ဖြစ်ရာ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပပြုလုပ်

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အခြေခံပညာဦးစီးဌာနနှင့် ပူးပေါင်း၍ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများကို ယနေ့နံနက် ၁၀ နာရီက အဆိုပါဦးစီးဌာနရှိ လူထုအခြေပြု ဗဟိုဌာန(Community Centre)ခန်းမတွင် ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာပုံ၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ ရရှိခဲ့ပြီးသော လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိပုံများအကြောင်းတို့ကို အသိပညာပေး ဟောပြောခဲ့သည်။

ဆက်လက်ပြီး စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် စိတ်ကြိုက်ပန်းချီရေးဆွဲခြင်း ပြိုင်ပွဲများကျင်းပခဲ့ရာ အမှတ်(၂၃) အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၂၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်ပြီး ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်း၊ ကြီးကြပ်ဆရာမ ဒေါ်သူဇာဝင်းနှင့် ဒုတိယဦးစီးမှူး ဒေါ်မြင့်ကေသွယ်ခိုင်တို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် ခန်းမအတွင်း ပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြသည်။

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုပြပွဲ၊ ပြိုင်ပွဲများကို အမှတ်(၂၃)အခြေခံပညာမူလတန်းလွန်ကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး အခမ်းအနားသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အလင်းသစ်**

## ပညာဘဏ်တိုက် စာကြည့်တိုက်နှင့် မြတ်ပန်းဝေကျောင်းဆောင်သစ် ဖွင့်ပွဲကျင်းပ

**ပုသိမ်ကြီး ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ဇီးချိုကုန်းကျေးရွာ၊ အမှတ်(၂၄)မူလွန် ညောင်ပင်သာ(ဇီး)ကျောင်း၏ ပညာဘဏ်တိုက် စာကြည့်တိုက်နှင့် မြတ်ပန်းဝေကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီကကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်ချောစုခိုင်နှင့် ဒုတိယပညာရေးမှူး ဦးဝင်းမင်းထွန်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အိအိချောနှင့် ဆရာ၊ ဆရာမများ ဖွံ့ဖြိုးသစ်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ကျောင်းအုပ်ဆရာကြီးများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပညာဘဏ်တိုက် စာကြည့်တိုက်ကို မြို့နယ်ပညာရေးမှူး နှင့် ဒုတိယမြို့နယ်ပညာရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ မြတ်ပန်းဝေကျောင်းဆောင်သစ်အတွင်း၌ ဒုတိယပိုင်း အစီအစဉ်ကျင်းပရာမြို့နယ်ပညာရေးမှူးက အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်အိအိချောက ကျောင်း၏ လုပ်ဆောင်ချက်များကိုလည်းကောင်း ဖွံ့ဖြိုးသစ်ကုမ္ပဏီမှ မန်နေဂျာ ဦးအောင်ကျော်က ကျောင်း၏ လိုအပ်ချက်များ လှူဒါန်းရခြင်းကို လည်းကောင်း ပြောကြားသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက အဆို၊ အကများဖြင့် သီဆိုဖျော်ဖြေကြကာ မြတ်ပန်းဝေကျောင်းဆောင်သစ်၏ အလှူရှင်များဖြစ်သော ဦးစန်းအောင်+ဒေါ်မြဝိုင်းမိသားစုနှင့် ဦးကံကြွယ်+ဒေါ်တင်မြင့်မိသားစုတို့ကလှူဒါန်းပြီး အလျား ၇၅ ပေ၊ အနံ ပေ ၃၀ တစ်ထပ်ကျောင်းဆောင်ဖြစ်ကြောင်း သိရသည်။

**(ဝ၉၁)**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ အိုးဘိုရပ်ကွက်၊ ၁လမ်း၊ ၇၅လမ်းနှင့် ၇၆လမ်းကြားနှင့် အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ တောင်မြို့ ဆေးရုံမြောက်ဘက်၊ မဟာဂန္ဓာရုံ အနောက်ဘက်တို့တွင် ရောင်းချပေးခဲ့သည်။




သက်သာဈေးရောင်းချမည့် အစီအစဉ်များကို ဒီဇင်ဘာ ၃၁ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံးရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင် ရောင်းချပေးပြီး ဇန်နဝါရီ ၁ရက်နှင့် ၂ရက်တို့တွင် နှစ်သစ်ကူးရုံးပိတ်ရက်များအဖြစ် သက်သာဈေးရောင်းချမှုအစီအစဉ်ကို ရပ်နားထားမည်ဖြစ်သည်။ **(အောက်ဝဲပုံ)**

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ဈေးနှင့် သားသတ်ဌာနဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်၍ ပြည်သူများအဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက်
ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်



နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဆိုပါနိုင်ငံတွင်ရှိသည့် ပြည်သူတစ်ဦးချင်းစီသည် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်ဗဟုသုတ ပြည့်ဝကြရန်လိုပါတယ်။ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေသည့်အချိန်တွင် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် အမှားအမှန်ကို ခွဲခြားသိရှိပြီး နိုင်ငံနှင့် လူမျိုးကောင်းကျိုးများကို သယ်ပိုးရွက်ဆောင်နိုင်ကြရန် အရေးကြီးပါတယ်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၁၈-၉-၂၀၂၅ ရက် ထားဝယ်မြို့တော်ခန်းမဖွင့်ပွဲတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး

အမိန့်အမှတ်၊ ၅၄ / ၂၀၂၅

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
( ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် )

### စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

## ကယားပြည်နယ်ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး

အမိန့်အမှတ်၊ ၅၅ / ၂၀၂၅

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
( ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် )

### ကယားပြည်နယ်ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ)အရ ဦးစိန်ဦး အား ကယားပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

## ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းဆိုင်ရာတို့နှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၁၈၀ / ၂၀၂၅ )

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
( ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် )

### ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းဆိုင်ရာတို့နှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ကြေညာခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)နှင့် အပိုင်း(၂)တွင် ပါဝင်သည့်မြို့နယ်များအတွက် မဲဆွယ်စည်းရုံးခွင့်ကာလနှင့် ရပ်နားထားရမည့်နေ့ရက်များကို ၂၈-၁၁-၂၀၂၅ ရက်နေ့တွင် ကြေညာချက် (၁၅၁/၂၀၂၅) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)တွင်ပါဝင်သည့်မြို့နယ် ၆၃ မြို့နယ်စာရင်းကို ၂၅-၁၂-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် ( ၁၇၀/၂၀၂၅ )ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သဖြင့် ရွေးကောက်ပွဲအပိုင်း(၃)တွင် ပါဝင်သည့်မြို့နယ်များအတွက် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းကို ၁၂-၁-၂၀၂၆ ရက်နေ့မှစ၍ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ၂၃-၁-၂၀၂၆ ရက်နေ့ ည ၁၂:၀၀ နာရီအချိန်မှ ၂၅-၁-၂၀၂၆ ရက်နေ့ အပိုင်း (၃) ရွေးကောက်ပွဲကျင်းပပြီးသည်အထိ ရပ်နားထားရမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲအပိုင်း(၃)မြို့နယ်များအတွက် မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများကို ၂၃ - ၁ - ၂၀၂၆ ရက်နေ့ ည ၁၂:၀၀ နာရီအချိန် နောက်ဆုံးထား၍ ဖြုတ်သိမ်းရမည်ဖြစ်ပါသည်။

၃။ မဲဆွယ်စည်းရုံးခွင့်သတ်မှတ်ကာလအတွင်း လက်ကမ်းစာစောင်များ ရေးသားပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်း၊ ကြော်ငြာဆိုင်းဘုတ်များ၊ ဗီနိုင်းပိုစတာများစိုက်ထူချိတ်ဆွဲခြင်း၊ စုဝေးဟောပြောခွင့်နှင့် မီဒီယာများမှ မဲဆွယ်စည်းရုံးခွင့်တို့ကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၀-က နှင့် နည်းဥပဒေ အခန်း(၁၀)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ပြီး ရွေးကောက်ပွဲအပိုင်း(၁)နှင့် (၂) မြို့နယ်များအတွက် မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများကို မဲဆွယ်စည်းရုံးခွင့်ပြုထားသည့် နောက်ဆုံးရက်များတွင် ဖြုတ်သိမ်းပေးရမည်ဖြစ်ပါသည်။

၄။ သတ်မှတ်အချိန်ထိ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများ ဖြုတ်သိမ်းထားခြင်းမရှိပါက မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာမြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့် ညှိနှိုင်း၍ ကြော်ငြာ၊ ပိုစတာများအား ဖြုတ်သိမ်းသွားစေမည်ဖြစ်ပါသည်။ ယင်းသို့ ကြော်ငြာ၊ ပိုစတာဖြုတ်သိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရသည့် ကုန်ကျစရိတ်ကျသင့်ငွေအား သက်ဆိုင်ရာနိုင်ငံရေးပါတီတစ်ခုခု သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်းမှ ပြန်လည်ပေးချေရန် တာဝန်ရှိမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



## ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဒီဇင်ဘာ ၃၀

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းသံအမတ်ကြီး H.E. Mr. Iskander Azizov၊ တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# ၂၀၂၅ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ(မူကြမ်း)နှင့် ယစ်မျိုးဥပဒေ(မူကြမ်း)ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃၀

၂၀၂၅ ခုနှစ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေ(မူကြမ်း)နှင့် ယစ်မျိုးဥပဒေ (မူကြမ်း)တို့နှင့် စပ်လျဉ်းသည့် အပြီးသတ်ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် ငွေကြေးခဝါချမှုတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်က ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကို ပြောင်းလဲလာသည့်အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရေးနှင့် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force-FATF)၏ အကြံပြုချက်များနှင့်အညီ ဥပဒေကိုရေးဆွဲရခြင်းဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေ(THE MYANMAR EXCISE ACT)ကို ၁၉၁၇ ခုနှစ်ကတည်းက ပြဋ္ဌာန်းခဲ့ခြင်းဖြစ်၍ ပြောင်းလဲလာသည့် အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရန် အသစ်ရေးဆွဲရခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ၂၀၂၅ ခုနှစ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေကို လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေမှုရှိစေရန်၊ မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်လက်ခံထားသော သက်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့် AML-LTF ဆိုင်ရာ FATF ၏ အကြံပြုချက်များနှင့် ညီညွတ်မှုရှိစေရန်နှင့် နိုင်ငံတော်က တရားဥပဒေစိုးမိုးရေးအတွက် အထောက်အကူပြုစေရန် ပြဋ္ဌာန်းသင့်သော ဥပဒေတစ်ရပ်ဖြစ်ကြောင်း သုံးသပ်၍ ဥပဒေပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ဆွေးနွေးကြသည်။

ထို့ပြင် တည်ဆဲမြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ ( THE MYANMAR EXCISE ACT) သည် ၁၉၁၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ဥပဒေဖြစ်ပြီး ယင်းဥပဒေတွင် ယစ်မျိုးအပြင် မူးယစ်ဆေးဝါး၊ ယစ်မျိုးခွန်ကောက်ခံခြင်းနှင့် သက်ဆိုင်သောကိစ္စရပ်များ ပါဝင်နေပြီး ယစ်မျိုးခွန်ကောက်ခံခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေဇယား(၂)အရ သက်ဆိုင်ရာတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များတွင် ဥပဒေများ ပြဋ္ဌာန်းထားခြင်းတို့ကြောင့် လက်ရှိကာလနှင့် ဆီလျော်မှုမရှိတော့၍ ယစ်မျိုးစီမံခန့်ခွဲခြင်း ကိစ္စရပ်များကို ခေတ်နှင့် လိုက်လျောညီထွေဖြစ်စေရန်၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သော ယစ်မျိုးအခွန်များရရှိစေရေး ကြိုးကြပ်နိုင်စေရန်၊ အရက်ကို တရားမဝင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများကို ပိုမိုကြီးကြပ်နိုင်စေရန်နှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန်အလို့ငှာ ပြဋ္ဌာန်းသင့်သော ဥပဒေတစ်ရပ်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် ဥပဒေပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# လုပ်ငန်းဆောင်ရွက်လျက်ရှိသော မြေသြဇာမှတ်ပုံတင် ၇၉၄၆ စောင်ရှိ တောင်သူများ အရည်အသွေးပြည့်မီသည့် မြေသြဇာများ သုံးစွဲနိုင်ကြစေရန် မှတ်ပုံတင်များ စိစစ်ထုတ်ပေးလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၃၀

မြေသြဇာကော်မတီ၏ (၄၆) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြေသြဇာကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးစီမံကိန်းများအတွက် ၂၀၂၅ - ၂၀၂၆ ခုနှစ် မိုးစပါးနှင့် မိုးသီးနှံများတွင် လိုအပ်သည့် မြေသြဇာများကို ရာသီချိန်မီ ဖြန့်ဖြူးပေးနိုင်ရန် ဓာတ်မြေသြဇာ အရည်အသွေး မှန်ကန်မှု ရှိ/မရှိ တိုင်းဒေသကြီး၊ ပြည်နယ် စစ်ဆေးရေးအဖွဲ့များက နမူနာရယူပြီး ကြိုတင်ဓာတ်ခွဲစစ်ဆေးခဲ့သည့်နည်းတူ ယခုစီမံကိန်းပြင်ပ သီးနှံစိုက်ပျိုးခြင်းများအတွက် ဖြန့်ဖြူးမည့် ယူရီးယား၊ ကွန်ပေါင်းမြေသြဇာများကိုလည်း အရည်အသွေး မှန်ကန်မှု ရှိ/ မရှိ တိုင်းဒေသကြီး ပြည်နယ် စစ်ဆေးရေးမှူးက ဓာတ်ခွဲစစ်ဆေးရန် ဆောင်ရွက်လျက်ရှိသကဲ့သို့ ဓာတ်ခွဲစစ်ဆေးမှုပမာဏကို တိုးမြှင့်သွားရန်လိုကြောင်း။

## စောင့်ရှောက်ရမည်ဖြစ်

ဓာတ်မြေသြဇာ သုံးစွဲရာတွင် ထိရောက်မှုရှိစေရန်၊ အပင်ကျန်းမာရေးနှင့် မြေဆီလွှာကျန်းမာရေးကို စိုက်ပျိုးသူတောင်သူများ အထူးဂရုပြုစောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဒေသန္တရမြေဆီလွှာကျန်းမာရေးမှသည် တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်သော အမျိုးသားအဆင့် မြေဆီလွှာကျန်းမာရေးစနစ်ကို ရှေးရှုဆောင်ရွက်လျက်ရှိရာ တောင်သူလယ်သမားများ သိရှိဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

သီးနှံပေါ်မူတည်၍ သီးသန့်ပြုပြင် ထုတ်လုပ်ထားသော မြေသြဇာ (Tailor-made Fertilizers or Customized Fertilizers) များကို ထုတ်လုပ်သုံးစွဲသင့်ပါကြောင်း၊ သီးသန့်ပြုပြင်ထုတ်လုပ်ထားသည့် မြေသြဇာ (Tailor-made Fertilizers) များသည် ပုံမှန်မြေသြဇာများနှင့် ကွာခြားသော အချက်များရှိပြီး သီးနှံအလိုက် လိုအပ်သည့် အာဟာရဓာတ်များ ပေးနိုင်မှုကြောင့် Tailor-made Fertilizers များကို ထုတ်လုပ် သုံးစွဲသင့်ကြောင်း၊



မိမိတို့ ကော်မတီအနေဖြင့် မြေသြဇာလုပ်ငန်းနှင့် ပတ်သက်ပြီး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ အကြံပြုချက်များကို ဝိုင်းဝန်းကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြေသြဇာကော်မတီ အတွင်းရေးမှူးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် လုပ်ငန်းများကို တင်ပြရာ မြေသြဇာကော်မတီအဖွဲ့ဝင်များနှင့် မြေသြဇာကျွမ်းကျင်ပညာရှင်များက သက်ဆိုင်ရာကဏ္ဍများမှ ဝိုင်းဝန်းစိစစ် ဆွေးနွေး ဆောင်ရွက်ကြသည်။

မြေသြဇာ ကော်မတီအနေဖြင့် တောင်သူများ အရည်အသွေး ပြည့်မီသည့် မြေသြဇာများကို အချိန်နှင့်တစ်ပြေးညီ သုံးစွဲနိုင်ကြစေရန်နှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေပြီး နိုင်ငံ၏ စားရေရိက္ခာ ဖူလုံပိုလျှံစေရန်အတွက် မြေသြဇာမှတ်ပုံတင်များကို စနစ်တကျ စိစစ်ထုတ်ပေးလျက်ရှိရာ မြေသြဇာကော်မတီ၏ (၄၅)ကြိမ်မြောက် အစည်းအဝေးအထိ မှတ်ပုံတင်လက်မှတ်ပေါင်း ၁၃၁၈၂ စောင် ခွင့်ပြုပေးနိုင်ခဲ့ပြီး ကာယကံရှင်၏ တင်ပြချက်အရ ပယ်ဖျက်မှု ၂၃၀၇ စောင်နှင့် သက်တမ်း ကျော်လွန်ခြင်းကြောင့် ဌာနက ဖျက်သိမ်းခဲ့ရသည့် မြေသြဇာမှတ်ပုံတင် ၂၉၂၉ စောင်ရှိသည့်အတွက် ယနေ့အထိ လုပ်ငန်းဆောင်ရွက်လျက်ရှိသော မှတ်ပုံတင် ၇၉၄၆ စောင်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ဘဏ်ပိတ်ရက်နှင့် ဖွင့်ရက် ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့ (စနေနေ့)သည် "အများပြည်သူအလုပ်ပိတ်ရက်" ဖြစ်ပါသဖြင့် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်းနှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၀ ရက် (စနေနေ့) သည် "အလုပ်ဖွင့်ရက်" ဖြစ်ပါသဖြင့် ဘဏ်များအားလုံး ဖွင့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မဲပေးစက်သရုပ်ပြပွဲအခမ်းအနား ကျင်းပ

မန္တလေး ဒီဇင်ဘာ ၃၀

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အနောက်ရပ်ကွက် ရန်မျိုးလုံပေါ်တော်မူမြတ်စွာဘုရားဝင်းအတွင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မဲပေးစက်သရုပ်ပြပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်က မဲရုံမှူးများ၏ လုပ်ပိုင်ခွင့်များ ဆောင်ရန်ရှောင်ရန် အချက်များအား လက်တွေ့အပြန်အလှန်မေးမြန်းရှင်းလင်းခဲ့ပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးသက်ဆွေဦးက မဲပေးပုံမဲပေးနည်းစနစ်အားလည်းကောင်း၊ မဟာအောင်မြေမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမျိုးဝင်းက မဲပေးစက်သရုပ်ပြပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်အားလည်းကောင်း၊ မဟာအောင်မြေမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးရဲမင်းလွင်က ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများအား လည်းကောင်းအသီးသီးပြောကြားခဲ့ပြီး တက်ရောက်လာသော ဆရာ၊ ဆရာမများက မဲပေးစက်ဖြင့် သရုပ်ပြမဲပေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်၊ အဖွဲ့ဝင် ဗိုလ်မှူးဆွေလွင်အောင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးသက်ဆွေဦး၊ မဟာအောင်မြေခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးသက်နိုင်၊ မဟာအောင်မြေမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမျိုးဝင်း၊ မဟာအောင်မြေမြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးရဲမင်းလွင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မဲရုံမှူး၊ ဒုမဲရုံမှူးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၅၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-ဓ)**

# ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ

## ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၃၀

ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၃) ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီဝင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများနှင့် အုပ်ချုပ်ရေးမှူးများက အွန်လိုင်းဖြင့်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ နောက်ဆုံးကောက်ယူထားသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ ကြည့်မည်ဆိုပါက အသက် ၁၅ နှစ်နှင့်အထက် အရွယ်ရောက်ပြီးသူများ၏ စာတတ်မြောက်မှုနှုန်းမှာ ၉၂ ဒသမ ၁ ရာခိုင်နှုန်းခန့်ရှိပြီး နိုင်ငံလူဦးရေ၏ ၇ ဒသမ ၉ ရာခိုင်နှုန်းသည် စာတတ်မြောက်မှုမရှိသည်ကို ထုတ်ပြန်ထားချက်များအရ တွေ့ရှိရကြောင်း၊ နောက်ဆုံးကောက်ယူခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ ကျောင်းလုံးဝမတက်ဖူးသူ ရာခိုင်နှုန်းမှာ ၉ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း ထုတ်ပြန်ထားသည့်အတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အသက် ၁၅ နှစ်နှင့်အထက် အသက်အရွယ်ရှိသူများအား စာတတ်မြောက်ရေးသင်ကြားပေးရန် လိုအပ်လျက်ရှိသည်ကို သန်းခေါင်စာရင်းထုတ်ပြန်ချက်အရတွေ့ရှိရကြောင်း။

ပညာရေးကဏ္ဍဆိုင်ရာစီမံကိန်းများ ချမှတ်လုပ်ဆောင်ရာတွင် ဘဏ္ဍာငွေကျခံသုံးစွဲမှုကိုပါ ထည့်သွင်းဆောင်ရွက်ရသဖြင့် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေတစ်ခုတည်းဖြင့် ဆောင်ရွက်၍ မရနိုင်ဘဲ ဆက်စပ်ဝန်ကြီးဌာနများ၏ ပံ့ပိုးဆောင်ရွက်ပေးမှု၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ အနီးကပ်စီမံကြီးကြပ်၊ ဘဏ္ဍာငွေ ပံ့ပိုးမှုများကလည်း အရေးကြီးကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်တို့က အမှာစကားပြောကြားကြပြီး ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အခြေခံစာတတ်မြောက်ရေး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြ၍ တက်ရောက်လာသူများက ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း စာသင်ခန်းများအတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်းစွာသင်ယူနေမှု၊ ဓာတုဗေဒလက်တွေ့စမ်းသပ်ခန်း၊ ရူပဗေဒလက်တွေ့ခန်း၊ ကျောင်းမုန့်ဈေးတန်းများ၊ သန့်စင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်





၂၀၂၆ ခုနှစ် နှစ်သစ်ကူးအကြို တေးဂီတဖျော်ဖြေပွဲ တတိယနေ့ကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ကျင်းပရာ ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

○ ရှေ့ဖုံးမှ

ထိုသို့ တေးဂီတဖျော်ဖြေပွဲသို့ လာရောက်ပါဝင်ဆင်နွှဲကြသူများကို စိတ်လုံခြုံစွာ အမှတ်တရများဖြင့် ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲနိုင်စေရန်အတွက် ကွင်းအတွင်းသို့ ဝင်ရောက်စဉ် တာဝန်ရှိသူများက ဝင်ပေါက်ဂိတ်များတွင် ဖျော်ဖြေပွဲဝင်ခွင့်လက်မှတ်များ စနစ်တကျ ရောင်းချ၍ လုံခြုံရေးအရလိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ပေးသည့်အပြင် ဖျော်ဖြေပွဲဝန်းကျင်နေရာများ၌လည်း လိုအပ်သည့် လုံခြုံရေး စောင့်ကြည့်မှုများ ဆောင်ရွက်ပေးလျက် ရှိသည်ကိုလည်း တွေ့ရသည်။

တေးဂီတ ဖျော်ဖြေပွဲသို့ ဝင်ရောက်ရသည့် ဂိတ်(၁)နှင့်(၄) အဝင်ဝမှ ဖျော်ဖြေပွဲကျင်းပမည့် စတိတ်စင်အထိ လျှောက်လမ်းများနှင့် ပွဲတော်အတွင်းရှိနေရာများ၌ လာရောက်အပန်းဖြေလည်ပတ်ကြသူများ စိတ်အပန်းပြေပျော်ရွှင်စေရန်အတွက် နီယွန်ရောင်စုံအလှမီးများဖြင့် လှပဝေဆာစွာ ဆင်ယင်ထွန်းညှိအလှဆင်ထားပြီး Photo Booth များတွင် အမှတ်တရဓာတ်ပုံရိုက်ကြသူများ၊ အပျော်တမ်းဂိမ်းကစားကြသူများ၊ ချားရဟတ်စီးကြသူများနှင့် ပျော့အိကလေးကစားကွင်းတွင်လည်း ပျော်ရွှင်စွာဆော့ကစားကြသည့် ကလေးငယ်များဖြင့် အထူးစည်ကားလျက်ရှိသည်။

### စည်ကားလျက်ရှိ

ယနေ့ည တေးဂီတဖျော်ဖြေပွဲတွင် နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် စိုင်းစိုင်းခမ်းလှိုင်၊ ဟဲလေး၊ ရဲလေး၊ ထွန်းထွန်း၊ ဖြိုးပြည့်စုံ၊ အိမ့်ချစ်၊ နီနီခင်ဇော်၊ ဝိုင်းစုခိုင်သိန်း၊ ဂျူဝယ်၊ ကေကေမိုး၊ မိစန္ဒီတို့က Dancer အဖွဲ့များ၊ DJ ပညာရှင်များ၊ Music Band များဖြင့်တွဲဖက်၍ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြရာ ပရိသတ်များ အားပါတရ လိုက်ပါသီဆို၍ ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် လာရောက်လည်ပတ်ကြသူများ စာရေးသောက်ရေး အဆင်ပြေစွာ ဝယ်ယူစားသောက်နိုင်ရေးအတွက် စားသောက်ဆိုင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်များ၊ ဒေသထွက်ကုန်များ၊ လူသုံးကုန်ပစ္စည်းဆိုင်များ အပါအဝင် ဆိုင်ခန်းပေါင်း ၅၀ ကျော် ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ဝယ်ယူစားသောက်ကြသူများဖြင့် စည်ကားလျက်ရှိပြီး ပျော်ရွှင်မှုများနှင့်အတူ သန့်ရှင်းစွာ စည်းကမ်းရှိသည့် ပွဲတော်ဖြစ်စေရေးအတွက် အမှိုက်များ စနစ်တကျစွန့်ပစ်ရန် အမှိုက်ပုံးများအပြင် Mobile Toilet များထားရှိသည်ကိုလည်း တွေ့ရသည်။

၂၀၂၆ ခုနှစ် နှစ်သစ်ကူးအကြို တေးဂီတဖျော်ဖြေပွဲကို ဒီဇင်ဘာ ၂၈ ရက်နေ့မှ စတင်ကျင်းပလျက်ရှိရာ လာရောက်အပန်းဖြေလည်ပတ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိပြီး ဒီဇင်ဘာ ၃၁ ရက်တွင်လည်း Countdown ရေတွက်မည့် အစီအစဉ်အပါအဝင် နိုင်ငံကျော် တေးသံရှင်များဖြစ်သည့် ဖြိုးကြီး၊ နေ့နေ့၊ ရဲရင့်အောင်၊ J FIRE၊ ဂျူနီယာချစ်ကောင်း၊ ICE COLD၊ ခိုင်မြသစ္စာနှင့် အခြားတေးသံရှင်များက Dancer များ၊ DJ ပညာရှင်များနှင့် တွဲဖက်၍ ညနေ ၅ နာရီမှစတင်၍ ည ၁ နာရီအထိ သီဆိုကပြဖျော်ဖြေတင်ဆက်သွားကြမည် ဖြစ်ကြောင်း၊ ဝင်ကြေးကို တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း သတ်မှတ်ထားပြီး ပွဲတော်သို့ လာရောက်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ခရီးစဉ်သုံးခုသတ်မှတ်၍ မော်တော်ယာဉ်များဖြင့် အခမဲ့အသွားအပြန် ပို့ဆောင်ပေးလျက် ရှိသဖြင့် မည်သူမဆို လာရောက်လည်ပတ်ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

သတင်း- ဟိန်းမင်းစိုး

ဓာတ်ပုံ - အောင်ပြည့်စုံ

မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မန္တလေးမြို့ မဟာမုနိဘုရားကြီး ရွှေထီးတော်အသစ် တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ




**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် မဟာမုနိဘုရားကြီးနှင့် ဘုရားကြီးပရဝဏ်အတွင်းရှိ သာသနိကအဆောက်အအုံများ ထိခိုက်ပြိုကျပျက်စီး ဆုံးရှုံးခဲ့မှုဖြစ်ပေါ်ခဲ့၍ ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး မဟာမုနိဘုရားကြီး ရွှေထီးတော်အသစ်တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတွင်းရေးမှူး၊ မဟာအောင်မြေခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ မဟာမုနိဘုရားကြီးဂေါပက အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မဟာမုနိဘုရားကြီး ပြန်လည်ပြုပြင်ရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများကို ပြင်ဆင်ဖွဲ့စည်းတာဝန်ပေး၍ ရှေးမူမပျက် ပြန်လည်ပြင်ဆင်ခြင်း၊ တည်ဆောက်ခြင်းလုပ်ငန်းများကို ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒများခံယူကာ ညွှန်ကြားချက်များအတိုင်း မြေငလျင်ဒဏ်ခံနိုင်မှုရှိရေးနှင့် အကောင်းဆုံးဖြစ်အောင်၊ လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် လုပ်ငန်းကော်မတီဝင်များနှင့်ပညာရှင်များဖြင့် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မဟာမုနိဘုရားကြီးရွှေထီးတော်အသစ်တင်လှူပူဇော်ပွဲအား နိုင်ငံတော်အဆင့် အခမ်းအနားအဖြစ် ကျင်းပသွားမည်ဖြစ်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ချမှတ်ထားသည့်မူဝါဒများ၊ လမ်းညွှန်ချက်များကို အလေးထားကာ စနစ်တကျစီမံဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် လစ်ဟင်းမှုမရှိစေရေး အကြံပြုတင်ပြချက်များ အပေါ် အားလုံးဝိုင်းဝန်းပူးပေါင်းကာ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်းနှင့် လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေး ဝန်ကြီး၊ မဟာမုနိဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မန္တလေး ငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် မဟာမုနိ ဘုရားကြီးနှင့် ဘုရားကြီးပရဝဏ်အတွင်းရှိ သာသနိကအဆောက် အအုံများ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု၊ ကျောင်းတော်ကြီးပေါ်ရှိ ထုပိကာတင်လှူခြင်းမင်္ဂလာအောင်မြင်စွာ ဆောင်ရွက်ပြီးစီးမှု၊ ဂန္ဓကုဋီတိုက်ရှိ ခုံးများ တည်ဆောက်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ၊ ရွှေထီးတော်အသစ်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော် နှင့်ဘုံအဆင့်ဆင့်တင်လှူပူဇော်နိုင်ရေး၊ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေး၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပြင်ဦးလွင်မြို့ နိုင်ငံတကာအဆင့်မီ သုမင်္ဂလာ(ညံတော) ခေတ်မီဈေးသစ်ကြီးအား စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်




**မန္တလေး ဒီဇင်ဘာ ၃၀**

ပြင်ဦးလွင်မြို့ရှိ နိုင်ငံတကာအဆင့်မီ သုမင်္ဂလာ(ညံတော) ခေတ်မီဈေးသစ်ကြီးအား စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတွင်းရေးမှူး၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ပြင်ဦးလွင်ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာများ၊ တည်ဆောက်ရေးကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြင်ဦးလွင်မြို့တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် နိုင်ငံတကာအဆင့်မီ သုမင်္ဂလာ(ညံတော)ခေတ်မီဈေးသစ်ကြီးအား စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာဖွင့်လှစ်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ တာဝန်ရှိသူများအနေဖြင့် ကဏ္ဍများအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများကို အမြန်ဆုံးအပြီးသတ် ဆောင်ရွက်သွားနိုင်ရေး၊ ဆိုင်ခန်းများ အမြန်ဆုံးဖွင့်လှစ်သွားနိုင်ရေး၊ ဖွင့်ပွဲအခမ်းအနားမတိုင်ခင် ကြိုတင်ပြင်ဆင်နေစဉ်ကာလနှင့် ဖွင့်ပွဲအခမ်းအနားကျင်းပနေစဉ်အချိန်တို့တွင် ဆောင်ရွက်ရမည့် လုပ်ငန်းများ လစ်ဟင်းမှုမရှိစေရေး ယခုအစည်းအဝေးမှ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လုပ်ငန်းများ အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းနှင့် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် လုပ်ငန်းကော်မတီမှအဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ အခမ်းအနားအား စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်သွားမည့်လုပ်ငန်းအစီအမံများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေး ပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးချက်များ၊ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# ငွေလျှင်အလွန် ပြန်လည်ထူထောင်ရေးကာလတွင် အတူတကွပါဝင်ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ



**မန္တလေး ဒီဇင်ဘာ ၃၀**

New Starlight Group of Companies ၏ ငလျင်အလွန် ပြန်လည်ထူထောင်ရေးကာလတွင် အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသော အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ လုပ်ဖော်ကိုင်ဖက်များနှင့် ကုမ္ပဏီမှဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေးဟိုတယ်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတွင်းရေးမှူး၊ ၎င်းတို့၏ဇနီးများ၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Ms. Gao Ping နှင့် တာဝန်ရှိသူများ၊ New Starlight Group of Companies မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီးနောက် ဆရာကြီး ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုအမှတ်တရစကားများကို ပြောကြားခဲ့ကြောင်းနှင့် ဂုဏ်ပြုခြင်းအခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

# ကျောက်ပန်းတောင်းမြို့နယ်၌ ဒုတိယအကြိမ်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၌ ဒုတိယအကြိမ်တွင် ပါဝင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်ပြည်သူများ မဲပေးရမည့် အခွင့်အရေး မဆုံးရှုံးစေရန်၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအနှစ်သာရ ပေါ်လွင်စေရန် လိုအပ်သည့်အစီအမံများ ကြိုတင်စီမံဆောင်ရွက်ထားရှိနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး စကားဝါမြေခန်းမတွင် ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်က သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် ဖွင့်လှစ်ထားရှိမည့်မဲရုံများ စနစ်တကျပြင်ဆင်ထားရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် မီးဘေးလုံခြုံရေး၊ မဲဆန္ဒရှင်များ လျှင်မြန်လွယ်ကူစွာ ဆန္ဒမဲပေးနိုင်စေရေးအတွက် မဲဆန္ဒရှင်အမည်၊ နယ်မြေနှင့် မဲစာရင်းအမှတ်စဉ်များကို ကြိုတင်ဖြန့်ဝေထားရှိရေးတို့ကို ဆွေးနွေးမှာကြားသည်။ ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး နိုင်ဝင်းထွန်းက လုံခြုံရေးစီမံဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးရန်မျိုးနိုင်နှင့် ရွေးကောက်ပွဲအရာရှိ ဦးဇင်မောင်တို့က မဲရုံတွင် အသုံးပြုမည့် လုပ်ငန်းသုံးပစ္စည်းများ ထုတ်ပေးမည့်နေ့ရက်နှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများက ကြိုတင်ဆောင်ရွက်ထားရှိရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။ ယင်းနောက် တက်ရောက်လာသည့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများအား မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မဲပေးစက်ကိုင်တွယ်အသုံးပြုနည်း၊ မဲပေးနည်းစနစ်များကို လက်တွေ့ရှင်းလင်းပြသကြပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။



အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်နှင့် ကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ စုစုပေါင်း ၁၂၉ ဦးတက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(၄၅၆)**



# မြင်းခြံမြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ကဗျာရွတ်ပြိုင်ပွဲ ကျင်းပ

**မြင်းခြံ ဒီဇင်ဘာ ၃၀**

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို မူလတန်းဆင့် ကဗျာရွတ်ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက မြင်းခြံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမတွင် ပြုလုပ်ခဲ့သည်။

ပြိုင်ပွဲမစတင်မီ မြင်းခြံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးနွဲ့က မူလတန်းဆင့် ကဗျာရွတ်ပြိုင်ပွဲ ပြုလုပ်ပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မူလတန်းဆင့် ကဗျာရွတ်ပြိုင်ပွဲတွင် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၂၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၃၆၆)**

# မန္တလေးတက္ကသိုလ်၌ မောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေးတက္ကသိုလ်၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများက "တပင်တိုင် "အက " မန္တလေးကကြိုမယ် " သီချင်းများဖြင့် ကပြဖြေဖျော်ခြင်း၊ မန္တလေးတက္ကသိုလ် အင်္ဂလိပ်စာဘာသာရပ်မှ ပထမနှစ်ဂုဏ်ထူးတန်းကျောင်းသား မောင်ဇော်လွင်ထူးက "ရွှေမန်းသူလေး " သီချင်းများဖြင့် မန္တလေးတက္ကသိုလ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ထို့နောက် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦးက တက်ရောက်လာကြသော မောင်မယ်သစ်လွင်များအား နွေးထွေးလှိုက်လှဲစွာ ကြိုဆိုကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်ပြီး မန္တလေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များက မန္တလေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ လိုက်နာရမည့်စည်းကမ်းများနှင့် သိသင့်သိထိုက်သော သင်တန်းရေးရာအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့ပြီး မန္တလေးတက္ကသိုလ် ဝိဇ္ဇာဘာသာရပ်များ(ကိုယ်စား)သမိုင်းနှင့် ယဉ်ကျေးမှုခရီးသွားပညာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာကျော်ဆွေညွန့်က ဝိဇ္ဇာဘာသာရပ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ သိပ္ပံဘာသာရပ်များ (ကိုယ်စား)သင်္ချာဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာကိုကိုလွင်က သိပ္ပံဘာသာရပ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း အသီးသီး ရှင်းလင်းပြောကြားခဲ့သည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် လူရည်ချွန်ဆုရရှိခဲ့သည့် ကျောင်းသူ(၁)ဦးအား ဂုဏ်ပြုဆုနှင့် ပထမနှစ်(၂၀၂၅ခုနှစ်တက္ကသိုလ်ဝင်တန်းအောင်)များမှ အမှတ်အများဆုံး၊ ပထမ၊ ဒုတိယ၊ တတိယရရှိပြီး ဝင်ရောက်လာသူ ကျောင်းသား၊ ကျောင်းသူသုံးဦးအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။

မန္တလေးတက္ကသိုလ်၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားသို့ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦး၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များနှင့် သင်တန်း၊ စီမံဌာနမှူးများ၊ သင်ကြားရေးဆရာ၊ ဆရာမများ၊ ဘွဲ့ကြို၊ ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၅၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **အောင်ဇော်မင်း**



# အီရန်နိုင်ငံက ဂြိုဟ်တုသုံးစင်းလွှတ်တင်



**တီဟီရန် ဒီဇင်ဘာ ၃၀**

အီရန်နိုင်ငံမှ ထုတ်လုပ်သည့် ဂြိုဟ်တုသုံးစင်းကို ဒီဇင်ဘာ ၂၈ ရက်က ရုရှားနိုင်ငံအရှေ့ပိုင်းရှိ ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ လွှတ်တင်ခဲ့ကြောင်း အီရန်နိုင်ငံ အိုင်နာသတင်းအေဂျင်စီက ပြောသည်။

စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာရေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လွှတ်တင်ခြင်းဖြစ်သည်။

ရုရှားနိုင်ငံအရှေ့ပိုင်းရှိ ဗော့စတိုချနီဂြိုဟ်တုလွှတ်တင်ရေးစခန်းမှနေ၍ ဇာဖာ ၂၊ ပါရာနှင့် ကော်ဆာ ၁ ဒသမ ၅ အမည်ရှိ ဂြိုဟ်တုသုံးစင်းကို ရုရှားနိုင်ငံမှ Soyuz 2.1 b ဒုံးပျံတွင် တင်ဆောင်၍ တီဟီရန်စံတော်ချိန်ညနေ ၄ နာရီ ၄၈ မိနစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းဒုံးပျံပေါ်တွင် အခြားဂြိုဟ်တု ၄၉ စင်းကိုလည်း သယ်ဆောင်လွှတ်တင်ခဲ့ကာ ၎င်းဂြိုဟ်တုများတွင် Aist-2T အမည်ရှိ ရုရှားနိုင်ငံ၏ ကမ္ဘာမြေလေ့လာစောင့်ကြည့်ရေး ဂြိုဟ်တုများလည်း ပါဝင်ကြောင်း သိရသည်။

ယခုကဲ့သို့ အီရန်နိုင်ငံမှ ဂြိုဟ်တုလွှတ်တင်ခြင်းသည် အီရန်အာကာသအစီအစဉ်ကို ချဲ့ထွင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း အီရန်အာကာသအေဂျင်စီအကြီးအကဲ ဟာဆန် ဆလာရီဒ်က ပြောသည်။

အီရန် အီလက်ထရွန်းနစ် စက်မှုလုပ်ငန်းမှ ထုတ်လုပ်သော ပါရာဂြိုဟ်တုသည် အီရန်၏ ပြည်တွင်း၌ တည်ဆောက်ထားသော အဆင့်မြင့်ဆုံး ရုပ်ပုံရိုက်ကူးရေး ဂြိုဟ်တုများထဲမှ တစ်ခုဖြစ်ကြောင်း အိုင်နာသတင်းအေဂျင်စီကပြောသည်။ ကြည်လင်ပြတ်သားသည့် ရုပ်ပုံများကို ရိုက်ကူးနိုင်သည့် ၎င်းဂြိုဟ်တုသည် ဉာဏ်ရည်တုနည်းပညာကို သုံးစွဲထားပြီး ရေအရင်းအမြစ် စီမံခန့်ခွဲရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ကြည့်ရေးနှင့် ဘူမိဗေဒဆိုင်ရာမြေပုံများ ထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်သည်။

ဇာဖာ ၂ ဂြိုဟ်တုကို အလူမီနီယမ်ဖြင့် ပြုလုပ်ထားပြီး သဘာဝအရင်းအမြစ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် ပဋိပက္ခစီမံခန့်ခွဲမှုတို့ကို စောင့်ကြည့်ရန်အတွက် အရည်အသွေးမြင့်ပုံရိပ်များကို ရိုက်ကူးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အီရန်နိုင်ငံ၏ Space Omid ကုမ္ပဏီက ထုတ်လုပ်သော ကော်ဆာ ၁ ဒသမ ၅ ဂြိုဟ်တုသည် ကြည်လင်သည့် ရုပ်ပုံများကို ရိုက်ကူးနိုင်ပြီး အာကာသမှ ပုံရိပ်များဖော်ခြင်းနှင့် ကမ္ဘာမြေအာရုံခံကိရိယာများမှ ဒေတာများကို တစ်ပြိုင်နက်တည်း စုဆောင်းနိုင်ကြောင်းနှင့် ၎င်းဂြိုဟ်တုသည် စိုက်ပျိုးရေးလုပ်ငန်း၊ ရေအရင်းအမြစ်စီမံခန့်ခွဲရေးနှင့် နယ်နိမိတ်စောင့်ကြည့်ရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ အာကာသလုပ်ငန်းကို ဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်းသည် နိုင်ငံအတွက် မဟာဗျူဟာအရ လိုအပ်ချက်ဖြစ်ကြောင်း အီရန်နိုင်ငံပြန်ကြားရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီး ဆာယီဆတက်ဟာရှီမီက တီဟီရန်တွင် ကျင်းပသည့် အခမ်းအနားတွင် ပြောသည်။

အီရန်နိုင်ငံမှ ဂြိုဟ်တုများကို သိပ္ပံပညာနယ်ပယ်နှင့် ငြိမ်းချမ်းရေးကို ရှေးရှုဆောင်ရွက်သည့် လုပ်ငန်းများတွင် သုံးစွဲမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ဆာယီအဗတ်အေရာချီက ပြောသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

## တောင်ကိုရီးယားနိုင်ငံ၏ စက်ရုံထုတ်လုပ်မှုပမာဏ နိုဝင်ဘာလက ခန့်မှန်းထားသည်ထက် ပိုမိုအားနည်းခဲ့

**ဆိုးလ် ဒီဇင်ဘာ ၃၀**

တောင်ကိုရီးယားနိုင်ငံ၏ စက်ရုံထုတ်လုပ်မှုသည် နိုဝင်ဘာလက ခန့်မှန်းထားသည်ထက် ပိုမိုအားနည်းခဲ့သည်ဟု ဒီဇင်ဘာ ၃၀ တွင် ထုတ်ပြန်ကြေညာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စက်မှုထုတ်လုပ်မှု အညွှန်းကိန်းသည် ယခင်လတွင် ၄ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းပြီးနောက် ယခုလတွင် ရာသီအလိုက် ညှိနှိုင်းမှုများအရ ယခင်လထက် ၀ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ ယင်းပမာဏသည် ရိုက်တာသတင်းဌာနက စီးပွားရေးပညာရှင်များကို မေးမြန်းထားသည့် ခန့်မှန်းချက်ဖြစ်သော ၂ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်မှုနှင့် နှိုင်းယှဉ်ပါက လျော့နည်းနေသည်။

အဆိုပါအညွှန်းကိန်းသည် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ရာ ယခင်လက ၈ ဒသမ ၂ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့မှုထက် သက်သာသော်လည်း စီးပွားရေးပညာရှင်များ ခန့်မှန်းထားသည့် ၃ ဒသမ ၀ ရာခိုင်နှုန်းအထိတိုးတက်မလာသေးကြောင်း သိရသည်။

Mon



INTERNATIONAL NEWS

နိုင်ငံတကာသတင်းများ

## မြေထဲပင်လယ်အတွင်းရှိ ရေမလူသတ်ငါးမန်းဖြူကြီးများ မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်နှင့် ရင်ဆိုင်နေရ



**လန်ဒန် ဒီဇင်ဘာ ၃၀**

မြေထဲပင်လယ်အတွင်းရှိ ရေမလူသတ်ငါးမန်းဖြူကြီးများသည် တရားမဝင်ငါးဖမ်းဆီးမှုများကြောင့် မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ယင်းအခြေအနေမှာ ဗြိတိန်အခြေစိုက်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အမေရိကန်သိပ္ပံပညာရှင်များ၏ သုတေသနပြုချက်အရ ရသည့် အခြေအနေတွင်ရှိကြောင်း ဆရာဝန်များက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

၎င်းကို အသက်ရှူအထောက်အကူပြုစက် တပ်ဆင်ထားခဲ့သော်လည်း ၎င်း၏အသက်အရွယ်နှင့် အထွေထွေကျန်းမာရေး ချို့တဲ့မှုများကြောင့် ကုသမှုများစွာကို တစ်ပြိုင်နက်တည်း လုပ်ဆောင်ပေးရန် မဖြစ်နိုင်ဘဲလက်လျှော့ခဲ့ရကြောင်း သိရသည်။ Mon

သိရှိရခြင်း ဖြစ်သည်။ မဟာလူသတ်ငါးမန်းဖြူကြီးများအပါအဝင် မျိုးသုဉ်းရန် အန္တရာယ်အရှိဆုံးမျိုးစိတ်အချို့ကို မြောက်အာဖရိကရှိ ငါးဈေးကွက်များတွင် ရောင်းချနေကြကြောင်း ၎င်းတို့က ပြောကြားသည်။

မဟာလူသတ်ငါးမန်းဖြူကြီးများသည် နိုင်ငံတကာဥပဒေအရ အကာအကွယ်ပေးထားသည့် မြေထဲပင်လယ်ရှိ ငါးမန်းမျိုးစိတ်ပေါင်း ၂၀ ကျော်တွင် ပါဝင်သောကြောင့် ယင်းတို့ကို ဖမ်းဆီးခြင်းသို့မဟုတ် ရောင်းချခြင်းသည် တရားမဝင်သည့် လုပ်ရပ်ဖြစ်သည်။

သို့ရာတွင် သုတေသီများသည် မြောက်အာဖရိက ကမ်းရိုးတန်းရှိ ငါးဖမ်းဆိပ်ကမ်းများကို စောင့်ကြည့်လေ့လာခဲ့ရာ ၂၀၂၅ ခုနှစ်အတွင်း၌ပင် မဟာလူသတ်ငါးမန်းဖြူကြီး အနည်းဆုံး ၄၀ ခန့် သတ်ဖြတ်ခြင်းခံခဲ့ရကြောင်း သိရသည်။

Mon

## တရုတ်နိုင်ငံ ဟောင်ယန်ကျွန်း၏ သန္တာကျောက်တန်း ဂေဟစနစ် မျိုးစိတ်သစ်များဖြင့် ကျန်းမာသန်စွမ်းသည့် အခြေအနေတွင် ရှိနေ

**ပေကျင်း ဒီဇင်ဘာ ၃၀**

တရုတ်နိုင်ငံ ဟောင်ယန်ကျွန်း၏ သန္တာကျောက်တန်း ဂေဟစနစ်သည် ကျန်းမာသန်စွမ်းသည့် အခြေအနေတွင် ရှိနေပြီး လတ်တလော တည်ထောင်လိုက်သော အမျိုးသားသဘာဝဥယျာဉ်ပဲ့တောသည် တင်းကျပ်သော ကာကွယ်စောင့်ရှောက်မှုနှင့် ဂေဟစနစ် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများမှတစ်ဆင့် ဇီဝမျိုးစုံမျိုးကွဲဖြစ်မှု၊ တည်ငြိမ်မှုနှင့် ရေရှည်တည်တံ့မှုတို့ကို မြှင့်တင်ပေးနိုင်မည်ဟု မျှော်လင့်ရကြောင်း တနင်္လာနေ့တွင် ထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်အရ စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

သဘာဝသယံဇာတဝန်ကြီးဌာန၊ တောင်တရုတ်ပင်လယ် ဂေဟစနစ်စင်တာနှင့် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများက ထုတ်ပြန်သော အဆိုပါအစီရင်ခံစာတွင် ဟောင်ယန်ကျွန်း၏ သန္တာကျောက်တန်း ဂေဟစနစ်ကောင်းမွန်လျက်ရှိကြောင်း ဖော်ပြထားသည်။

၂၀၁၅ ခုနှစ်မှစ၍ ကျောက်တန်းတည်ဆောက်သည့် သန္တာမျိုးစိတ်သစ်များ ဖုံးလွှမ်းမှုသည် ယေဘုယျအားဖြင့် တည်ငြိမ်ပြီး ထိုမျိုးစိတ်များမှာလည်း ပေါများလျက်ရှိသည်။

မျိုးစု ၃၆ စုနှင့် မျိုးရင်း ၁၃ ရင်းတွင် ပါဝင်သော ကျောက်တန်းတည်ဆောက်သည့် သန္တာမျိုးစိတ်ပေါင်း ၁၃၅ မျိုးကို မှတ်တမ်းတင်ထားနိုင်ခဲ့ပြီး ၎င်းတို့အားလုံးမှာ တရုတ်နိုင်ငံ၏ အမျိုးသားအဆင့် ဒုတိယတန်းစား အကာအကွယ်ရရှိသည့် တောရိုင်းတိရစ္ဆာန်များအဖြစ် သတ်မှတ်ထားသည်။

ဟောင်ယန်ကျွန်း၏ သန္တာကျောက်မာများ ဖုံးလွှမ်းမှုမှာ မြေမျက်နှာသွင်ပြင်နှင့် ရေအားလျှပ်စစ်ဆိုင်ရာ အခြေအနေများ ကွာခြားမှုကြောင့် ဒေသအလိုက် ကွဲပြားမှုများရှိနေကြောင်း ဝန်ကြီးဌာန၏ တောင်တရုတ်ပင်လယ်ဗျူရို ညွှန်ကြားရေးမှူး လေပေါ်က ပေကျင်းမြို့တော်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားကြောင်း သိရသည်။ Mon



## ပထမဆုံးသော ဘင်္ဂလားဒေ့ရှ်အမျိုးသမီးဝန်ကြီးချုပ် ခါလီဒါဇီယာ နာတာရှည်ရောဂါဝေဒနာဖြင့် အသက် (၈၀) အရွယ်တွင် ကွယ်လွန်

**ဒက္ကာ ဒီဇင်ဘာ ၃၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထမဆုံးသော အမျိုးသမီးဝန်ကြီးချုပ် ခါလီဒါဇီယာသည် နာတာရှည်ရောဂါဝေဒနာ ခံစားရပြီးနောက် အသက် (၈၀) အရွယ်တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံး အကြိမ်ကျင်းပခဲ့သည့် ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ၎င်း၏ပါတီကို အောင်ပွဲရရှိအောင် ဦးဆောင်နိုင်ခဲ့ပြီးနောက် ခါလီဒါဇီယာသည် ၁၉၉၁ ခုနှစ်တွင် နိုင်ငံ၏ ပထမဆုံးသော အမျိုးသမီး အစိုးရအဖွဲ့တာဝန်ရှိသူ ဖြစ်လာခဲ့သည်။

ခါလီဒါဇီယာ၏ ကျန်းမာရေးအခြေအနေသည် အလွန်စိုးရိမ်

STOP AIDS

## ပလတ်စတစ် သုံးစွဲမှုလျှော့ချရေး ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်များ အခမဲ့ဖြန့်ဝေ

**ကံမ ဒီဇင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် လျှော့နည်းသုံးစွဲစေရန်ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာမြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ် (ကြွပ်ကြွပ်အိတ်) အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေးအတွက် အသိပညာပေးခြင်းနှင့် (ကြွပ်ကြွပ်အိတ်) အစားထိုး အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၇ နာရီက အဆိုပါ ဈေးအတွင်း၌ ဆောင်ရွက်ခဲ့ကြသည်။



ထိုသို့ ဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးပြုလုပ်ခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

(ဓါတ်ပုံ)

ဇော်ထက်(သရက်)



## လျှပ်စစ်မီးကြိုးများ ဖြတ်တောက်ခိုးယူသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**ပြင်ဦးလွင် ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၌ လျှပ်စစ်မီးကြိုးများ ဖြတ်တောက်ခိုးယူသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ယုဇနမြိုင်ဧည့်ရိပ်သာ၌ အမျိုးသားတစ်ဦး လျှပ်စစ်မီးကြိုးများ ဖြတ်တောက်ခိုးယူနေကြောင်း သတင်းအရ ပြင်ဦးလွင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးခဲ့ရာ ရပ်ကွက်ကြီး(၅)နေ ကျော်ဇင်သန့်(၃၄)နှစ်အား YAMASUKI အနက်ရောင် ဆိုင်ကယ်တစ်စီး၊ ယုဇနမြိုင်ဧည့်ရိပ်သာအနီးတွင် သွယ်တန်းထားသော မြို့နယ်လျှပ်စစ်ဦးစီးဌာနပိုင် မီးကြိုးများ ဖြတ်တောက်ခိုးယူထားသည့် လျှပ်စစ်ကြေးကြိုးပေ ၁၃၀ ခန့်၊ တန်ဖိုးငွေကျပ် ၂၂၁၅၂၀၀ တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ကျော်ဇင်သန့်အား ပြင်ဦးလွင်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးသေဆုံးပြီး အမျိုးသားတစ်ဦးနှင့် အမျိုးသမီးသုံးဦး ဒဏ်ရာရရှိ

**ရပ်စောက် ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ်၌ ဒီဇင်ဘာ ၂၇ ရက်က ယာဉ်တိမ်းမှောက်မှု ဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးပြီး အမျိုးသားတစ်ဦးနှင့် အမျိုးသမီးသုံးဦးတို့ ဒဏ်ရာရရှိခဲ့သည်။



ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီတွင် ရပ်စောက်မြို့နယ်၊ ကျိုင်းခမ်း-ရပ်စောက်ကားလမ်း မိုင်တိုင်အမှတ် ၇၆ မိုင် ၁ ဖာလုံနှင့် ၂ ဖာလုံကြား၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ အင်တောနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တောင်ကြီးမြို့ဘက်မှ ရပ်စောက်မြို့၊ ဇော်ဂျီကွက်သစ်နေ ဇင်ငြိမ်းအောင်(ခ)အရှည်ကြီး(၄၉)နှစ် မောင်းနှင်လာသည့် IS-UZU ခရီးသည်တင် မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ ဘရိတ်ပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ခြမ်းသို့ တိမ်းမှောက်သွား၍ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် တောင်ကြီးမြို့၊ ရေပူကျေးရွာနေ မောင်ဖြိုးပြည့်စုံငြိမ်း(၁၁)နှစ်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး ရပ်စောက်မြို့နယ်၊ ပိန္နဲကုန်းကျေးရွာနေ ဦးမြအုန်း(၅၃)နှစ်၊ တောင်ကြီးမြို့နယ်၊ ရေပူကျေးရွာနေ ဒေါ်သီတာ(၅၂)နှစ်၊ ဟိုနားကျေးရွာနေ မနန်းညွှန့်(၃၆)နှစ်နှင့် ကျိုင်းခမ်းကျေးရွာနေ မငွေကြည်(၄၁)နှစ်တို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် ဇင်ငြိမ်းအောင်(ခ)အရှည်ကြီးအား အင်တောနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဓါတ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## တရားမဝင်သစ်မျိုးစုံနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်တို့အတွင်း၌ တရားမဝင် သစ်မာ ၁ ဒသမ ၈၉၅ တန်၊ အခြားသစ် ၁ ဒသမ ၁၂၆ တန်ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် ဘီးလင်းမြို့နယ် ရွှေသံလွင်တိုးဂိတ်ဟောင်း၌ တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ် Sunlong Bus နှစ်စီး၊ Mitsu-bishi Fuso Bus တစ်စီး၊ Yut-ong Bus တစ်စီးကိုလည်းကောင်း၊ သထုံမြို့နယ်၊ ဘီးလင်းမြို့နယ် နယ်ခြားကားလမ်း၌ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ် Nissan Caravan တစ်စီး၊ Toy-ota Hiace တစ်စီး၊ Ford Ranger တစ်စီးကိုလည်းကောင်း၊ မော်လမြိုင်မြို့နယ် ဈေးကြိုရပ်ကွက်အနီး၌ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ် Toy-ota Hilux တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးကိုလည်းကောင်း၊ ပေါင်မြို့နယ် ကော့စိုင်ကျေးရွာ၌ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ် Toyota Hiace တစ်စီး၊ Mitsubishi Canter တစ်စီးကိုလည်းကောင်း၊ ကျိုက်မရောမြို့နယ် ကော့ပနောကျေးရွာအနီး၌ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ် Nissan Condor Truck တစ်စီး၊ Mit-subishi Fuso Fighter တစ်စီးကိုလည်းကောင်း၊ သထုံမြို့နယ် မိုးကောင်းကျေးရွာအနီး၌ တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ် Toyota Hiace တစ်စီး၊ Toyota Dyna တစ်စီးကိုလည်းကောင်း၊ သထုံမြို့နယ် ပေါ်တော်မူကျေးရွာအနီး၌ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ် Mitsubishi Fuso Bus တစ်စီးကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



**မဆင်မခြင် မောင်းနှင်မှု အသက်ပေါင်းများစွာ အန္တရာယ်ပြု ။**

## ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်တိုက်မှုဖြစ်ပွား၍ ကလေးငယ်နှစ်ဦးအပါအဝင် အမျိုးသားသုံးဦးနှင့် အမျိုးသမီးလေးဦး ဒဏ်ရာရရှိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်တိုက်မှုဖြစ်ပွား၍ ကလေးငယ်နှစ်ဦး အပါအဝင် အမျိုးသားသုံးဦးနှင့် အမျိုးသမီးလေးဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၃ နာရီခွဲတွင် အုတ်တွင်းမြို့နယ်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၃၀ မိုင် ၃ ဖာလုံအနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သာဂရအမြန်လမ်းမကြီး ရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်နေ ဇော်မျိုးမင်း(၄၉)နှစ် မောင်းနှင်ပြီး အမျိုးသားနှစ်ဦး၊ အမျိုးသမီးလေးဦးလိုက်ပါလာသော FORD EVEREST အနက်ရောင် မော်တော်ယာဉ်သည် မန္တလေးမှရန်ကုန်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ မော်တော်ယာဉ်၏ နောက်ယာဘက်ဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းအတွင်းရှိ ခရေပင် နှစ်ပင်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ဇော်မျိုးမင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်ကေသွယ်ဦး(၅၄)နှစ်၊ မော်လမြိုင်မြို့နယ်၊ ရွှေတောင်ရပ်ကွက်နေသူများဖြစ်သည့် ဒေါ်ချယ်ရီဝင်း(၄၉)နှစ်၊ မောင်ရဲမင်း(၁၆)နှစ်၊ မရည်မွန်(၁၈)နှစ်၊ မောင်ဟိန်းမင်း(၁၃)နှစ်နှင့် မလမင်းအိမ်(၈)နှစ်တို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် ဇော်မျိုးမင်းအား သာဂရအမြန်လမ်းမကြီး ရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဓါတ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀-၀-၀

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၅၂၅ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးစီး၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား စနစ်တကျဆက်လက်မီးရှို့ဖျက်ဆီး

နေပြည်တော် ဒီဇင်ဘာ ၃၀

မြန်မာနိုင်ငံအစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ခြောက်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး(KK Park) အပိုင်း (၃) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် လေးထပ်အဆောက်အအုံ တစ်လုံး၊ နှစ်ထပ်အဆောက်အအုံ နှစ်လုံးနှင့် တစ်ထပ်အဆောက်အအုံ သုံးလုံး စုစုပေါင်း တရားမဝင် အဆောက်အအုံ ခြောက်လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၅၂၅ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင် အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ် အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း အဆောက်အအုံ ၇၆ လုံးတို့ကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းအပြင် KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား ထပ်မံအသုံးပြုမှု မရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝ အခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park အပိုင်း (၃) နယ်မြေအား ဖောက်ခွဲဖျက်ဆီးမှု။


KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများ အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများအား မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။



KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်လူနေအဆောက်အအုံ။



KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် နှစ်ထပ် လူနေအဆောက်အအုံများအား လေအိုးမီးအိုးဖြင့် ဖျက်ဆီးမှု။

❒ စာမျက်နှာ ၂၄ မှ

ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို ၃၁ မှတ် - ၁၇ မှတ်ဖြင့်လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို ၂၈ မှတ် - ၂၂ မှတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို ၁၀ မှတ် - ၃ မှတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို ၁၀ မှတ် - ၄ မှတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဒီဇင်ဘာ ၃၁ ရက်တွင် ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲကို နံနက် ၇ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၄)၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး လွှန်ဆွဲ(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲများကို နံနက် ၈ နာရီတွင် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ယှဉ်ပြိုင်မည်ဖြစ်သည်။

ထုပ်ဆီးတိုးပွဲစဉ်များအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် ဥပဒေရေးရာ ဝန်ကြီးဌာနအသင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းနှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာနအသင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းနှင့်ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။



လွှန်ဆွဲ(အမျိုးသား)ပွဲစဉ်များအဖြစ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်း၊ တရားလွှတ်တော်ချုပ်ရုံးအသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်း၊ အမျိုးသားစီမံကိန်းဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်း၊ လွှန်ဆွဲ(အမျိုးသမီး) ပွဲစဉ်များအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအသင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့်ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ တရားလွှတ်တော်ချုပ်ရုံးအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်သွားကြမည်ဖြစ်သည့်အတွက် အားကစားဝါသနာရှင်များ အနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်




## ရီကာဒိုပီပီကို ခေါ်ယူရန် ဖူလ်ဟမ်အသင်း စိတ်ဝင်စား

**လန်ဒန် ဒီဇင်ဘာ ၃၀**

ဖူလ်ဟမ်အသင်းသည် ပီအက်စ်ဗွီအသင်း တိုက်စစ်မှူး ရီကာဒိုပီပီကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ပီအက်စ်ဗွီ



အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၁ပွဲကစားပြီး ၁၀ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖူလ်ဟမ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

တိုက်စစ်မှူး ရီကာဒိုပီပီကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် ဖူလ်ဟမ်အသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ပီအက်စ်ဗွီအသင်းထံမှ ရီကာဒိုပီပီကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)



## မော်ရိုကိုအသင်းက ဇမ်ဘီယာအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဒီဇင်ဘာ ၃၀**

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ အုပ်စု(A) တတိယပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက မော်ရိုကိုအသင်းနှင့် ဇမ်ဘီယာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မော်ရိုကိုအသင်းက ဇမ်ဘီယာအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မော်ရိုကိုအသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၉ မိနစ်နှင့် မိနစ် ၅၀ တွင် ကာဘီ၊ ပွဲချိန် ၂၇မိနစ်တွင် ဘရာဟင် ဒီယက်ဇ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

မော်ရိုကိုအသင်းသည် အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ အုပ်စု(A) ပွဲစဉ် သုံးပွဲစလုံး ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ခုနစ်မှတ်ဖြင့် အုပ်စုထိပ်ဆုံးနေရာတွင် ရပ်တည်ပြီး နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

(အပေါ်ပုံ) (NGB)

## နာသန်အကီ၏ ပြောင်းရွှေ့ကြေးကို ယူရို သန်း ၃၀ အဖြစ် မန်စီးတီးအသင်း သတ်မှတ်

**လန်ဒန် ဒီဇင်ဘာ ၃၀**



မန်စီးတီးအသင်းသည် အသင်းနောက်ခံကစားသမား နာသန်အကီ၏ ပြောင်းရွှေ့ကြေးကို ယူရို သန်း ၃၀ အဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည်။

အသက်(၃၀)အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဘာစီလိုနာအသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား နာသန်အကီသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၈ပွဲ ကစားပြီး ၁၀ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

မန်စီးတီးအသင်းကလည်း နာသန်အကီအတွက် ၎င်းတို့သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် ဘာစီလိုနာအသင်းအနေဖြင့် မန်စီးတီးအသင်းသတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအား ပေးချေပြီး နာသန်အကီကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## မိုင်နူးသည် အသင်းတွင် ဆက်ရှိသွားမည်ဟု နည်းပြ အာမိုရင်မ်အတည်ပြု

**လန်ဒန် ဒီဇင်ဘာ ၃၀**

ကွင်းလယ်ကစားသမား မိုင်နူးသည် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု မန်ယူအသင်းနည်းပြ အာမိုရင်မ်က အတည်ပြုပြောကြားခဲ့သည်။

အသက်(၂၀)အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိ



အချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းကအသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား မိုင်နူးသည် မန်ယူအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၄ပွဲ ကစားပြီး ခုနစ်ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

နည်းပြ အာမိုရင်မ်က "မိုင်နူးအသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူဟာအသင်းအတွက်ကစားသမားကောင်းတစ်ယောက်ပါ။ အသင်းအနေနဲ့လည်း သူ့ကို မည်သည့်ကမ်းလှမ်းမှုမျိုးနဲ့မှ ရောင်းချသွားမှာ မဟုတ်ပါဘူး"ဟု ပြောသည်။

(ဝဲပုံ) (NGB)

## နည်းပြ ကလစ်ချီကို နည်းပြသစ်အဖြစ် ကိန်းအသင်းခန့်အပ်

**ပါရီ ဒီဇင်ဘာ ၃၀**

ပြင်သစ်ဒုတိယတန်းကလပ် ကိန်းအသင်းသည် အသင်းနည်းပြသစ်အဖြစ် ကလစ်ချီကို ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၄၀)အရွယ်ရှိ ကလစ်ချီသည် ပြင်သစ် ယူ-၂၁ အသင်း လက်ထောက်နည်းပြအဖြစ် ဆောင်ရွက်ခဲ့ပြီး အတွေ့အကြုံရှိသူတစ်ဦးဖြစ်ခြင်းကြောင့် ကိန်းအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ကလစ်ချီသည် ကိန်းအသင်းအတွက် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေး နိုင်လိမ့်မည်ဟု ယုံကြည်ခြင်းကြောင့် နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။



ကလစ်ချီက "ကျွန်တော် အခုလို ကိန်းအသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်း အောင်မြင်ဖို့အတွက် အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အပေါ်ပုံ) (NGB)

## နည်းပြ နူနိုဆန်းတို့စ်သည် ဝက်စ်ဟမ်းအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ

**လန်ဒန် ဒီဇင်ဘာ ၃၀**

ဝက်စ်ဟမ်းအသင်းသည် လက်ရှိအချိန်တွင် ရလဒ်များဆိုးရွားနေခြင်းကြောင့် နည်းပြ နူနိုဆန်းတို့စ်ကို နည်းပြရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိသည်။

ဝက်စ်ဟမ်းအသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ် ၁၈ ပွဲကစားအပြီးတွင် ရမှတ် ၁၃ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့် ၁၈ တန်းဆင်းဇုန်နေရာတွင် ရပ်တည်ပြီး ရလဒ်များအလွန်ဆိုးရွားခြင်းကြောင့် နည်းပြ နူနိုဆန်းတို့စ်ကို ရာထူးမှ ထုတ်ပယ်ရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ နူနိုဆန်းတို့စ်သည် ဝက်စ်ဟမ်းအသင်းအား ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၇ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၃ပွဲတွင် နှစ်ပွဲနိုင်၊ လေးပွဲသရေ၊ ခုနစ်ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

ထို့ကြောင့် နည်းပြ နူနိုဆန်းတို့စ်အနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ဝက်စ်ဟမ်းအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



## 2026 Hobart International တင်းနစ်ပြိုင်ပွဲ ဇန်နဝါရီ ၁၁ ရက်တွင် စတင်မည်

**လန်ဒန် ဒီဇင်ဘာ ၃၀**

ဩစတြေးလျနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Hobart International တင်းနစ်ပြိုင်ပွဲသည် လာမည့် ဇန်နဝါရီ ၁၁ ရက်တွင်စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Hobart International တင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၁ရက်မှ ၁၈ရက်အထိ ရှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Hobart International တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင် သွားမည်ဖြစ်သည်။

Hobart International တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ အမေရိကန်တင်းနစ်မယ် McCartney Kessler ဖြစ်သည်။

(အောက်ပုံ) (NGB)



### အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ (အုပ်စုအဆင့်)နောက်ဆုံးပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|---|
| ၃၁-၁၂-၂၀၂၅ ဗုဒ္ဓဟူးနေ့ | ည ၁၀:၃၀ နာရီ | E | အီကွေတာဂီနီ - အယ်လ်ဂျီးရီးယား | အီကွေတာဂီနီ ၀-၀ အယ်လ်ဂျီးရီးယား |
| ။ | ။ | E | ဆူဒန် - ဘာကီနာဖာဆို | ဆူဒန် ၂-၁ ဘာကီနာဖာဆို |
| ၁-၁-၂၀၂၆ ကြာသပတေးနေ့ | နံနက် ၁:၃၀ နာရီ | F | ဂါဘွန် - အိုင်ဗရီကို့စ် | ဂါဘွန် ၀-၀ အိုင်ဗရီကို့စ် |
| ။ | ။ | F | မိုဇန်ဘစ် - ကင်မရွန်း | မိုဇန်ဘစ် ၀-၁ ကင်မရွန်း |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၀) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၃၁-၁၂-၂၀၂၅ ဗုဒ္ဓဟူးနေ့ | ညနေ ၃:၃၀ နာရီ | (၁) ရှမ်း - ရန်ကုန် (၂)<br>(W,W,W,W,W) (W,W,W,W,D) | ရှမ်း ၂-၂ ရန်ကုန်<br>ရန်ကုန် ၀-၁ ရှမ်း |
| ။ | ညနေ ၄:၀၀ နာရီ | (၈) မဟာ - ဟံသာဝတီ (၆)<br>(L,D,W,L,W) (D,D,L,L,L) | မဟာ ၂-၃ ဟံသာဝတီ<br>ဟံသာဝတီ ၃-၂ မဟာ |

# အပတ်စဉ်(၁၁)သစ်လွင်သားဖွား အလုပ်ခန့်အပ်လွှာ အပ်နှင်းပွဲအခမ်းအနား ကျင်းပ

**ပြင်ဦးလွင် ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့တွင် အပတ်စဉ်(၁၁) သစ်လွင်သားဖွား အလုပ်ခန့်အပ်လွှာ အပ်နှင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီက ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မိုရ်စိုးက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး၊ ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအိနှင့် ပြင်ဦးလွင်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာငြိမ်းချမ်းတို့က သားဖွားသင်တန်းဆင်းဆရာမ ၅၅ ဦးအား သစ်လွင်သားဖွား အလုပ်ခန့်အပ်လွှာများကို အသီးသီးပေးအပ်ခဲ့ကြသည်။ ဆက်လက်၍ သစ်လွင် သားဖွားသင်တန်းဆင်းဆရာမများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီးက မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးအား အမှတ်တရဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် တာဝန်ရှိသူများက ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။



ထို့နောက် တက်ရောက်လာသူများအား ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**သွေးသွေး(ခရိုင်/ပြန်ဆက်)**



# မန္တလေးမြို့ရှိ အဆင့်မြင့်ဈေးချိုတော် သုံးရက်ပိတ်မည်

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၂၆လမ်းနှင့်၂၇လမ်းကြား၊ ၈၄လမ်းနှင့်၈၅လမ်းကြားရှိ အဆင့်မြင့်ဈေးချိုတော်ရှိ ဈေးရုံအသီးသီးကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်မှ ၄ ရက်အထိ သုံးရက်ကြာပိတ်သွားမည်ဖြစ်ကြောင်း ဈေးအကျိုးတော်ဆောင်အဖွဲ့ထံက သိရသည်။

ဈေးချိုတော်ပုံမှန်ပိတ်ရက်ဖြစ်သည့် ဥပုသ်နေ့သည် ဇန်နဝါရီ ၂ ရက်ဖြစ်ပြီး အများပြည်သူရုံးပိတ်ရက်အဖြစ် သတ်မှတ်ထားသည့် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့ဖြစ်သောကြောင့် ကြားတွင်ရှိသော ဇန်နဝါရီ ၃ ရက်အား တပေါင်းတည်းပိတ်ပေးရန်အတွက် ဈေးသူ၊ ဈေးသားများက တင်ပြတောင်းဆိုလာသောကြောင့် ဈေးအကျိုးတော်ဆောင်အဖွဲ့က ညှိနှိုင်းမှုများပြုလုပ်ပြီး ယခုကဲ့သို့ သုံးရက်ပိတ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဈေးအတွင်းမှာရှိတဲ့ ဈေးရုံအသီးသီးကို သုံးရက်ပိတ်သွားမယ်လို့ သိရပါတယ်။ ဈေးချိုရော၊ ပလာဇာတွေရော အကုန်ပိတ်သွားမှာဖြစ်ပါတယ်။ ဇန်နဝါရီ ၅ ရက်မှာ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်သွားမယ်လို့လည်း သိရပါတယ်"ဟု ဈေးချိုတော်အကျိုးတော်ဆောင်အဖွဲ့တွင် ပါဝင်သူ ဦးအောင်ကျော်ဦးက ပြောသည်။

မန္တလေးဈေးချိုသည် မန္တလေးမြို့ကို တည်ထောင်ခဲ့သော မင်းတုန်းမင်းကြီးလက်ထက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအချိန်တွင် မြို့၏ စီးပွားရေး၊ ယဉ်ကျေးမှုများကိုပြသလျက်ရှိသော နေရာတစ်နေရာဖြစ်ကြောင်း၊ အစားအစာ၊ အထည်အလိပ်၊ အသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ ဆေးဖက်ဝင်အပင်များ၊ လက်မှုလုပ်ငန်းများ၊ ရွှေထည်လုပ်ငန်းများနှင့် အခြားကုန်ပစ္စည်းပေါင်းစုံတို့ကို တစ်နေရာတည်းတွင် ရောင်းချပေးနေသော မန္တလေးမြို့၏ အလယ်ဗဟိုတွင် တည်ရှိနေသော ဈေးကြီးတစ်ခုဖြစ်ကြောင်း သိရသည်။**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**

# လွတ်လပ်ရေးနေ့ အခမ်းအနား ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်

**မြစ်သား ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး၊ ဦးစီးကော်မတီ၊ ဆပ်ကော်မတီများဖွဲ့စည်းရာ ကဏ္ဍများအလိုက် လုပ်ငန်းတာဝန်များ ခွဲဝေချထားပေးပြီးဖြစ်ကြောင်း၊ ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ ၂၀ မိနစ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ အလံတင်အခမ်းအနားနှင့် ၇နာရီတွင် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားများကို ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများပေါ်တွင်



အားနည်းချက်မရှိစေရေး အထူးဂရုစိုက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများမှ လုပ်ငန်းအစီအမံများနှင့် ပတ်သက်၍ ပိုင်းဝန်းဆွေးနွေးကြရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းအောင်နှင့်အဖွဲ့ဝင်များက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)**

**ဝင်းမင်းထွန်း(မြစ်သား)**

# ပြည်ကြီးတံခွန်မြို့နယ်အတွင်း၌ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်အတွင်း၌ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အစည်းအဝေးကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီခွဲက ပြည်ကြီးတံခွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အစည်းအဝေးတွင် ပြည်ကြီးတံခွန်မြို့နယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းထွန်းက အသက်(၁၈)နှစ်နှင့်အထက် နိုင်ငံသားတိုင်း မဲပေးနိုင်ရန်၊ မဲရုံများ စနစ်တကျထားရှိ ပြင်ဆင်ထားရန်၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် ရွေးကောက်ပွဲအောင်မြင်နိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။ ဆက်လက်၍ ပြည်ကြီးတံခွန်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမင်းစိုးနိုင်က ရွေးကောက်ပွဲကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ရာ တက်ရောက်လာသူများက သိရှိလိုသည်များကို အသီးသီး ဆွေးနွေးခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ကြီးတံခွန်မြို့နယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဝင်းထွန်းကျော်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်(၁၈)ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်(၁၈)ရပ်ကွက်မှ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**စင်မင်းမောင်(ခရိုင်ပြန်/ဆက်)**

၀-၀-၀-၀-၀-၀



# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကံမ ဒီဇင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကညင်တိုင်းကျေးရွာအုပ်စု၊ လဲလူကုန်းကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ဒသမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက စီမံကိန်းအကြောင်းအရာများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၈ ဒသမ ၃သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လဲလူကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၁၆ ဒသမ ၃၇ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၂၉ ဒသမ ၁၃သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂ ဒသမ ၈သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၅ ဦးကို ဒသမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၈ ဒသမ ၃သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နော်လူး**

# စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မိုင်းယောင်း ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်တွင် အပတ်စဉ် စနေနေ့ စုပေါင်းသန့်ရှင်းရေးကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၇ နာရီက အ・ထ・က(တပ်တွင်း)ကျောင်း၌ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းရှိ အမှိုက်များ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(၅၀၅)**

၀-၀-၀-၀-၀-၀

၀-၀-၀-၀-၀



# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ တစ်ရက်လျှင် လူဦးရေ ၁၅၀၀၀ စတုဒိသာကျွေးမွေး

**ညောင်ဦး ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံဘုရားဝင်းအတွင်း ဝေဇယန္တာဓမ္မဗိမာန်တော်ကြီးအတွင်း၌ ဒီဇင်ဘာ ၂၆ ရက်မှစတင်ကာ သဲဖြူနှင့် မဟာမြိုင်တောရဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တပညာဇောတမထေရ် ဦးဆောင်မှုဖြင့် စတုဒိသာ ကျွေးမွေးလှူဒါန်းလျက်ရှိသည်။

အဆိုပါ ထမင်းဖြူ၊ ဝက်သားဟင်း၊ သီးစုံချဉ်ဟင်း၊ ငါးဖယ်ဟင်း၊ ကုလားပဲကြာဆံဟင်းချို၊ ကြက်သားဟင်း၊ ငါးခြောက်နုပ်၊ ပုစွန်မှုန့်ခြောက်ကြော်၊ ပဲတီချဉ်သုပ်၊ ငါးနီတူကြော်၊ ငရုတ်သီးကြော်တို့ကို တစ်ရက်လျှင် လူဦးရေ ၁၅၀၀၀ တို့အား ခြောက်ရက်တိုင်တိုင် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ကျွေးမွေးလျက်ရှိသည်။

စတုဒိသာကျွေးမွေးနေသည့် ဝေဇယန္တာဓမ္မဗိမာန်တော်သို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ကော်မတီဝင်များက စတုဒိသာ လာရောက်စားသုံးသူများအား လိုက်လံနှုတ်ဆက်ခဲ့သည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်လျက်ရှိသည့် ဘုရားဖူးများလည်း လာရောက်စားသုံးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ) (၄၈၁)**



# အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများ ကျင်းပ

**မြင်းခြံ ဒီဇင်ဘာ ၃၀**

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲများကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီခွဲမှစ၍ မြင်းခြံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟို ဌာနခန်းမတွင် ကျင်းပသည်။

ပြိုင်ပွဲမစတင်မီ မြင်းခြံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးနွဲ့က ပြိုင်ပွဲများ ပြုလုပ်ပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို "သွေးစည်းချစ်ကြည်လက်ချင်းဆက် လွတ်လပ်ရေးသည် ဒို့အသက်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို "လွတ်လပ်ရေးနှင့်အချုပ်အခြာ မျိုးချစ်အားနှင့်ကာကွယ်ပါ" ခေါင်းစဉ် ဖြင့်လည်းကောင်း အသီးသီး ဖြေဆိုယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၂၈ ဦးနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၃၈ ဦးတို့ ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၃၆၆)

၀-၀-၀-၀-၀-၀

သင့်ကျန်းမာရေးအတွက် နေ့စဉ် လမ်းလျှောက်ပါ။

# လမ်းပိတ်/လမ်းလွှဲဆောင်ရွက်မည့် အစီအစဉ် အသိပေးကြေညာချက်

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက် ညအချိန်တွင် နှစ်သစ်ကူးပွဲတော်၊ ပျော်ပွဲရွှင်ပွဲအစီအစဉ်အား မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၂၆လမ်းနှင့် ၆၆လမ်းဆုံတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ပွဲတော်လာပြည်သူများ လုံခြုံစိတ်ချစွာ ပျော်ရွှင်နိုင်ရေး၊ ယာဉ်အန္တရာယ်ကင်းဝေးစေရေးတို့အတွက် လမ်းပိတ်/လမ်းလွှဲ အစီအစဉ်အား အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(၁) ၆၆လမ်းအား ၂၄လမ်းမှ ၂၇လမ်းအထိနှင့် ၂၆လမ်းအား ၆၈လမ်းမှ ၆၅လမ်းအထိအား အရေးကြီးယာဉ်တန်းမှလွဲ၍ မည်သည့်ယာဉ်မျှ ဝင်ခွင့်မပြုဘဲ ပွဲတော်လာ ပြည်သူလူထုသာ ခြေလျင်ဝင်ခွင့်ပြုစေပါမည်။

(၂) ၁၉လမ်းနှင့် ၆၆လမ်းဆုံ၊ ၂၆လမ်းနှင့် ၆၂လမ်းဆုံ၊ လမ်း၃၀နှင့် ၆၆လမ်းဆုံ၊ ၂၆လမ်းနှင့် ၇၃လမ်းဆုံတို့တွင် လမ်းလွှဲ၍ ပွဲတော်လာယာဉ်များနှင့် အဆိုပါနေရာများအတွင်း နေထိုင်သည့် ယာဉ်များသာ ဝင်/ထွက်ခွင့်ပြုမည်ဖြစ်ပြီး အခမ်းအနားနေရာ ၂၆လမ်းနှင့် ၆၆လမ်းဆုံ ဖြတ်သန်းသွားမည့်ယာဉ်များ ဝင်ခွင့်မပြုဘဲ အခြားလမ်းလွှဲမှ မောင်းနှင်ဆောင်ရွက်စေပါမည်။

၆၆ လမ်းပေါ်နှင့် ၂၆လမ်းပေါ် လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်ရမည့် ဧရိယာအတွင်းရှိ ဈေးဆိုင်ခန်းလာယာဉ်များအား ညနေ ၅ နာရီအချိန်အထိသာ ဝင်/ထွက်သွားလာသယ်ယူပို့ဆောင်ခွင့်ပြုမည်ဖြစ်ပြီး ၅ နာရီကျော်လျှင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ၃၁-၁၂-၂၀၂၅ ရက်နေ့ ညနေ ၆ နာရီမှ ပွဲတော်ပြီးဆုံးချိန်အထိ အထက်ဖော်ပြပါ လမ်းများအား ခေတ္တ လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

# ပြည်သူများအဆင်ပြေစေရန်အတွက် Bajaj RE သုံးဘီးယာဉ်အမျိုးအစား ရောင်းချပေးမည့်ကိုယ်စားလှယ်ဆိုင်သစ် ရမည်းသင်းခရိုင်တွင် ဖွင့်လှစ်

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်အတွင်းရှိ သုံးဘီးယာဉ်အသစ်များ လွယ်ကူစွာ ဝယ်ယူနိုင်စေရန်နှင့် အပိုပစ္စည်းများကို အလွယ်တကူ ဝယ်ယူနိုင်စေရန်အတွက် ရမည်းသင်းမြို့နယ်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေး၊ ကောင်းမြတ်သုခဆေးရုံ မြောက်ဘက် ဒီဇင်ဘာလထဲတွင် ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

Bajaj RE သုံးဘီးဆိုင်ကယ် အမျိုးအစားများကို စုံလင်စွာ ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး လက်ငင်း၊ အရစ်ကျစနစ်များဖြင့်လည်း ဝယ်ယူနိုင်ရန်အတွက် စီစဉ်ပေးထားကြောင်း၊ ဝယ်ယူသူများအတွက် ဒီဇင်ဘာလကုန်အထိ ငွေကျပ် နှစ်သိန်းကို ပြန်အမ်းငွေအဖြစ် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"Bajaj RE သုံးဘီးယာဉ်အမျိုးအစားတွေကို ကိုယ်စားလှယ်ယူပြီး ရမည်းသင်းမြို့နယ်ရှိတဲ့ ကျွန်မတို့ ခေတ်မီသုံးဘီးဆိုင်ကယ်နှင့် အပိုပစ္စည်းရောင်းဝယ်ရေးဆိုင်မှာ ကုမ္ပဏီက ရောင်းချပေးတဲ့ဈေးနှုန်းအတိုင်း ရောင်းချပေးသွားမှာဖြစ်ပြီးတော့ အပိုပစ္စည်းတွေကိုလည်း ဈေးနှုန်းသက်သာစွာနဲ့ ရောင်းချပေးသွားမှာ ဖြစ်ပါတယ်"ဟု ရမည်းသင်းမြို့နယ် ခေတ်မီသုံးဘီးဆိုင်ကယ်နှင့် အပိုပစ္စည်းရောင်းဝယ်ရေးဆိုင်ပိုင်ရှင် ဒေါ်ဖြူဖြူသန်းက ပြောသည်။

Bajaj RE အမှတ်တံဆိပ်သုံးဘီးဆိုင်ကယ်အမျိုးအစားမှာ အသုံးပြုရာတွင် အပိုပစ္စည်း ပေါများသည့်အပြင် လုပ်ငန်းအသုံးပြုရာတွင်လည်းအဆင်ပြေကြောင်း၊ တစ်ပတ်ရစ်ဈေးကွက်တွင်လည်း ရောင်းချရလွယ်ကူပြီး ဈေးကောင်းရရှိကြောင်းသိရသည်။

**(အောက်ပုံ)**

**မန္တလေးနေ့စဉ်-၈**




# ဆောင်းသီးနှံဖြစ်သည့် ကုလားပဲများ စိုက်ပျိုးအောင်မြင်လျက်ရှိ

**မြစ်သား ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်အတွင်းရှိ ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံဖြစ်သော ကုလားပဲစိုက်ပျိုးအောင်မြင်လျက်ရှိသည်။



မြစ်သားမြို့နယ်တွင် ကုလားပဲသီးနှံများကို ကင်းစိန်ဈေးအုပ်စု၊ ရွာသစ်အုပ်စု၊ နွားကူးလေးအုပ်စု စသော မြေအောက်အစိုဓာတ်ရှိသောကျေးရွာများတွင် စိုက်ပျိုးအောင်မြင်လျက်ရှိသည်။

မြစ်သားမြို့နယ်တွင် ကုလားပဲသီးနှံကို မိုးဦး၊ မိုးလယ်၊ မိုးနှောင်းရာသီများ၌ စိုက်ပျိုးကြရာသီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများနှင့်ပူးပေါင်း၍ နည်းပညာများဖြင့် စနစ်တကျ စိုက်ပျိုးဆောင်ရွက်လျက်ရှိသည်။

ကုလားပဲခင်းစိုက်ပျိုးရာတွင် ကြဲပက်စိုက်ပျိုးခြင်းနှင့် အတန်းလိုက်စိုက်ပျိုးခြင်းဟူ၍ အမျိုးမျိုးရှိသည်။ အတန်းလိုက်စိုက်ပျိုးပါက အပင်များ လေဝင်၊ လေထွက်ကောင်းမွန်ပြီး အပင်ဖြစ်ထွန်းမှုမြန်ဆန်ကာ အထွက်နှုန်းကောင်း၍ အပင်များရှုပ်ထွေးမှုမရှိသည့်အတွက် ပိုးကျရောက်မှုလည်းနည်းကြောင်း၊ သို့သော် ကုလားပဲစိုက်ပျိုးရာတွင် မြေအမျိုးအစားနှင့် အစိုဓာတ်ရရှိမှုအပေါ်မူတည်ပြီး အထွက်နှုန်းများကွဲပြားကာ တစ်ဧကလျှင် ၁၆ တင်းမှ တင်း ၃၀ အထိ ထွက်ရှိနိုင်ကြောင်း သိရသည်။

(ဝဲပုံ)

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

# Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## ဆံသားအမျိုးအစား High Porosity နဲ့ Low Porosity ကွဲပြားပုံများ




ဆံသားမှာ အထူ၊ အပါး၊ အဖြောင့်၊ အကောက်၊ အဖွာဆိုပြီး အမျိုးမျိုးကွဲပြားပါတယ်။ဒါ့အပြင် ဆံသားနဲ့ပတ်သက်ပြီး လူသိနည်းတဲ့ ဆံသားအမျိုးအစားကတော့ High Porosity နဲ့ Low Porosity တို့ပဲ ဖြစ်ပါတယ်။ ဒီအမျိုးအစား နှစ်မျိုးမှာ ဆံပင်ရဲ့ အစိုဓာတ်နဲ့ အာဟာရဓာတ်တွေကို စုပ်ယူနိုင်စွမ်းနဲ့ ထိန်းထားနိုင်စွမ်းကို ဖော်ပြပေးပါတယ်။ ကိုယ့်ရဲ့ ဆံသားဟာ High Porosity နဲ့ Low Porosity ဆိုတာသိရင် ဆံသားနဲ့ ကိုက်ညီတဲ့ ဆံသားထုတ်ကုန်တွေကို ရွေးချယ်ပြီး ထိရောက်စွာ ဂရုစိုက်နိုင်မှာ ဖြစ်ပါတယ်။

### (၁) High Porosity

ဆံပင်ရဲ့ အပြင်ဘက်အလွှာကို Cuticle လို့ ခေါ်ပါတယ်။ ဒီ Cuticle တွေက ငါးကြေးခွံလိုမျိုး တစ်ထပ်ချင်းစီ ထပ်နေပါတယ်။ High Porosity ဆံသားမှာ Cuticle တွေက ပွင့်နေပြီး ဟနေပါတယ်။ ဆံပင်ဖြော့်၊ ကောက်၊ ဆေးဆိုး စသည်ဖြင့် ဓာတုပစ္စည်းတွေကြောင့် ဆံသားပျက်စီးခြင်း၊ အပူနဲ့ ဆံပင်ပုံသွင်းခြင်းတို့ကြောင့် ဖြစ်တတ်ပါတယ်။ အဲ့ဒီလို ဆံသားမျိုးဟာ အစိုဓာတ်ကို စုပ်ယူလွယ်သလောက် လျင်မြန်စွာ ဆုံးရှုံးလွယ်ပါတယ်။ ခေါင်းလျှော်ပြီးတဲ့အခါမှာ ဆံသားလျင်မြန်စွာ ခြောက်လွယ်ပြီး သေချာမထိန်းသိမ်းရင် ဆံသားတွေ ဖွာလန်ကြဲတတ်ပြီး ခြောက်သွေ့ကြမ်းတမ်းနေတတ်ပါတယ်။ ဒါ့ကြောင့် အဆီဓာတ်နဲ့ ပရိုတင်းဓာတ်များများပါဝင်တဲ့ ဆံသားထုတ်ကုန်တွေကို ပုံမှန်အသုံးပြုပေးမယ်ဆိုရင် ပွင့်ဟနေတဲ့ Cuticle တွေကြားမှာ အာဟာရဓာတ်တွေ ဖြည့်ပေးနိုင်မှာပါ။

### (၂) Low Porosity

Low Porosity ဆံသားမှာ Cuticle တွေက ပိတ်နေတာကြောင့် အစိုဓာတ်၊ အဆီနဲ့ ထုတ်ကုန်တွေကို စုပ်ယူဖို့ အချိန်ကြာပါတယ်။ တစ်ခါစုပ်ယူပြီးရင် အစိုဓာတ်ကို ကောင်းစွာ ထိန်းထားနိုင်ပါတယ်။ ခေါင်းလျှော်ပြီးရင် ခြောက်ဖို့ အချိန်ကြာပါတယ်။ ဆံသားထုတ်ကုန်ပစ္စည်း(ပေါင်းဆေး၊ ပျော့ဆေး)တွေက ဆံပင်ပေါ်မှာ ကပ်နေသလို ဖြစ်လေ့ရှိပြီး အလွယ်တကူ အဆီပြန်တတ်ပါတယ်။ ဒါကြောင့် Light Weight ဖြစ်တဲ့ ဆံသားထုတ်ကုန်တွေနဲ့ ပရိုတင်းဓာတ်မပါတဲ့ ထုတ်ကုန်မျိုးကို ရွေးချယ်အသုံးပြုပေးပါ။ ပေါင်းဆေး၊ ပျော့ဆေး အသုံးပြုတဲ့အခါမှာ ဆံသားထဲ စိမ့်ဝင်နိုင်အောင် ဆံပင်အပူပေါင်းစက်နဲ့ အပူပေးခေါင်းစွပ်ကို အသုံးပြုပေးရမှာဖြစ်ပါတယ်။

မိမိရဲ့ဆံသားဟာ High Porosity နဲ့ Low Porosity လား ဆိုတာသိဖို့ဆိုရင် ဖန်ခွက်တစ်ခုထဲမှာ ရေထည့်ပြီး ဆံပင်အနည်းငယ်ကို ခွက်ထဲထည့်လိုက်ပါ။ ဆံပင်တွေက ရေပေါ် ပေါ်နေတယ်ဆိုရင် Low Porosity အမျိုးအစားဖြစ်ပြီး ရေအောက်မြုပ်နေတယ်ဆိုလျှင် High Porosity အမျိုးအစားဖြစ်ပါတယ်။**Daisy**

## လိမ်းထားတဲ့ မိတ်ကပ်ပို ကြာရှည်ခံစေတဲ့ Setting Spray



မိတ်ကပ်လိမ်းပြီးနောက် ဖျန်းရတဲ့ Setting Spray ဆိုတာ အလှပြင်ပစ္စည်းတွေထဲမှာ မရှိမဖြစ် အရေးပါတဲ့ အဆင့်တစ်ခုဖြစ်ပါတယ်။ ဒါဟာ လိမ်းထားတဲ့ မိတ်ကပ်အားလုံးကို တစ်နေကုန် ပုံစံမပျက်၊ မပျက်စီးအောင် ထိန်းချုပ်ပေးတဲ့ 'Final Step' လို့ ပြောလို့ ရပါတယ်။

Setting Spray ကို Fixing Spray (သို့မဟုတ်) Finishing Mist လို့လည်း ခေါ်ဆို တတ်ကြပြီး အဓိကလုပ်ဆောင်ချက်ကတော့ မိတ်ကပ်ကို နေရာမရွေ့အောင်၊ မပျံ့အောင်၊ အရောင်မမှိန်အောင်နဲ့ အရေးအကြောင်းတွေကြားထဲ မဝင်အောင် ကာကွယ်ပေးတာ ဖြစ်ပါတယ်။ Spray မှာပါဝင်တဲ့ Polymer ဓာတ်တွေက အသားအရေပေါ်မှာ မမြင်နိုင်တဲ့ အကာအကွယ်အလွှာတစ်ခု ဖန်တီးပေးပြီး မိတ်ကပ်ကို ကပ်ထားပေးပါတယ်။

Foundation, Concealer, Setting Powder တွေ လိမ်းထားလို့ အမှုန့်တွေ အဖတ်လိုက်ဖြစ်နေတာမျိုးကို Setting Spray ဖျန်းလိုက်တဲ့အခါ အမှုန့်သားတွေဟာ အသားအရေနဲ့ပိုပြီး တစ်သားတည်းကျသွားစေပါတယ်။ ဒါကြောင့် သဘာဝပိုကျပြီး ချောမွေ့တဲ့ အသွင်ကို ရရှိစေပါတယ်။ အဆီပြန်တဲ့သူတွေအတွက် အဆီကိုစုပ်ယူပြီး တောက်ပြောင်မှုမရှိတဲ့ (Matte) ပုံစံကို ရရှိစေပါတယ်။

အသားအရေခြောက်သွေ့တဲ့သူတွေ၊ ဒါမှမဟုတ် စိုပြည်ပြီး အလင်းရောင်ထွက်နေတဲ့(Glow/ Dewy) ပုံစံကို ကြိုက်သူတွေအတွက် အစိုဓာတ်ကို ဖြည့်တင်းပေးပြီး လှပတဲ့အရောင်အသွေးကို ရရှိစေပါတယ်။

ချွေးထွက်များခြင်း၊ စိုထိုင်းဆများခြင်း၊ အပူဒဏ်ခံရခြင်း၊ (သို့မဟုတ်)ဆောင်းအတွင်းမှာ ခြောက်သွေ့တဲ့ လေဒဏ်ခံရခြင်းတို့လို ပတ်ဝန်းကျင်အခြေအနေတွေကြောင့် မိတ်ကပ်ပျက်စီးမှုကို လျှော့ချပေးပါတယ်။

အချို့ Formula တွေက ရေစို၊ ချွေးစိုခံတဲ့အပြင် အဝတ်အစားတွေအပေါ် မိတ်ကပ်ပေမသွားအောင် ကာကွယ်ဖန်တီးထားပါတယ်။ တကယ်လို့ သင်က မိတ်ကပ်အမြဲလိမ်းတတ်တဲ့သူဆိုရင်တော့ ကိုယ်ရဲ့မိတ်ကပ် အပြင်အဆင် ပိုပြီးကြည့်ကောင်းနေစေဖို့ Setting Spray တစ်ဘူးလောက်တော့ ဆောင်ထားသင့်ပါတယ်နော်။ **Daisy**

## လည်ပင်းနဲ့ ရင်ဘတ်နားတစ်ဝိုက် အသားအရေကို ထိန်းသိမ်းဖို့အရေးကြီးပုံ

လည်ပင်းနဲ့ရင်ဘတ်အပေါ် ပိုင်းနေရာမှာရှိတဲ့ အသားအရေက မျက်နှာအသားအရေလိုပဲ လုံးဝလျစ်လျူရှုမထားသင့်တဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ ဘာကြောင့် ဂရုစိုက်ဖို့ လိုအပ်လဲဆိုတာကို မျှဝေပေးလိုက်ပါတယ်။ လည်ပင်းအရေပြားက မျက်နှာအရေပြားထက် ပိုပါးလွှာပြီး ကော်လာဂျင်ထုတ်လုပ်မှု နည်းပါးတာကြောင့် အရေးအကြောင်းနဲ့ လိုင်းတွေ ပိုပြီးလွယ်လွယ်ကူကူ ဖြစ်ပေါ်စေတတ်ပါတယ်။ လည်ပင်းတစ်ဝိုက်က နေရောင်ခြည်နဲ့ တိုက်ရိုက်ထိတွေ့မှုများပေမယ့် မျက်နှာကို နေရောင်ကာခရင်မ် (Sunscreen)လိမ်းဖို့ မေ့လျော့နေတတ်တာကြောင့် အမည်းစက်များ၊ အရေပြားအရောင် မညီညာမှုတွေနဲ့ နေလောင်ဒဏ်တွေ ဖြစ်နေတတ်ပါတယ်။ အဲ့ဒီနေရာဟာ အဆီထုတ်လုပ်တဲ့ ဂလင်းနည်းပါးတာကြောင့် ခြောက်သွေ့လွယ်ပြီး အစိုဓာတ်ထိန်းသိမ်းဖို့ လိုအပ်ပါတယ်။

ဖုန်းကို အမြဲငုံ့ကြည့်တတ်တဲ့ အလေ့အကျင့်တွေကြောင့်လည်း လည်ပင်းမှာ အလျားလိုက် အရေးအကြောင်းတွေနဲ့ မေးနှစ်ထပ်ပုံစံ ပိုပြီးဖြစ်စေတဲ့အပြင် ဇက်ကြောတက်တာတွေနဲ့ ကျီးပေါင်းရောဂါတွေကို ခံစားရနိုင်ပါတယ်။ ဒါကြောင့် ဖုန်းသုံးတဲ့အခါမှာလည်း ငုံ့ကြည့်ပြီး မသုံးဘဲ မျက်နှာတည့်တည့် အနေအထားနဲ့ သုံးပေးပါ။

မျက်နှာအသားအရေကို ထိန်းသိမ်းတဲ့အခါမှာ (ဥပမာ- မျက်နှာသစ်၊ Skin Care လိမ်း၊ Sunscreen (လိမ်း)လည်ပင်းနှင့် ရင်ဘတ်အထိပါ လိမ်းပေးမယ်ဆိုရင် အိုမင်းရင့်ရော်မှု လက္ခဏာများကို လျှော့ချပေးနိုင်ပြီး မျက်နှာနဲ့ လည်ပင်းအသားအရေရဲ့ စိုပြည်နုပျိုမှုကို ညီမျှစေမှာ ဖြစ်ပါတယ်။ **Daisy**

## ဆောင်းရာသီမှာ ဖက်ရှင်ကျကျ လည်ပတ်ပဝါပတ်နည်းများ



အေးချမ်းတဲ့ ဆောင်းရာသီကို ရောက်ရှိလာပြီဖြစ်လို့ ဆောင်းတွင်းဝတ်အနွေးထည်တွေနဲ့ ရှိုးထုတ်လို့ရတဲ့အပြင် လည်ပတ်၊ ပဝါတွေပတ်ပြီးတော့လည်း သင့်ဖက်ရှင်ကို အဆင့်မြှင့်လို့ရပါတယ်။ လည်ပတ်ပဝါကို ပုံစံအမျိုးမျိုးနဲ့ပတ်ခြင်းက သင့်ဖက်ရှင်ကို အသက်ဝင်စေတဲ့အပြင် အနွေးဓာတ်ကို ပေးနိုင်တာကြောင့် ဆောင်းတွင်းဖက်ရှင်မှာ ပဝါတွေကို မေ့မထားသင့်ပါဘူး။ လည်ပတ်ပဝါပတ်နည်းတွေကိုလည်း မျှဝေပေးလိုက်ပါတယ်။

(၁) ပဝါကို လည်ပင်းမှာချိတ်ဆွဲထားပြီး အနွေးထည်ရဲ့ အပြင်ဘက်ကို တန်းနေအောင်ချထားပါ။ သပ်ရပ်တဲ့ Coat (သို့မဟုတ်) Blazer နဲ့ တွဲဝတ်ပါ။

(၂) ပဝါကို လည်ပင်းမှာ တစ်ခါပတ်ပြီး အစနှစ်ဖက်ကို ရင်ဘတ်ပေါ်မှာ ချထားပါ။ ပေါ့ပေါ့ပါးပါးပုံစံမျိုးနဲ့ လိုက်ဖက်ပါတယ်။

(၃) ပဝါကို လည်ပင်းမှာ တစ်ပတ်ပတ်ပြီး အစနှစ်ဖက်ကို ရင်ဘတ်နားမှာ အိတ်စည်းထုံး (Knot) လေး ထုံးထားပါ။ ပုံမှန် Sweater နဲ့ တွဲဝတ်ရင် လည်ပင်းပိုင်းကို ပိုမိုကြည့်ကောင်းစေပါတယ်။

(၄) ပဝါကို ထက်ဝက်ချိုးပြီး လည်ပင်းမှာပတ်ကာ ထုံးထားတဲ့ အချိုးအကွင်းထဲကို ပဝါရဲ့ အစနှစ်ဖက်လုံးကို ထိုးသွင်းလိုက်ပါ။ ပိုမိုလုံခြုံပြီး နွေးထွေးစေပါတယ်။ **Daisy**

## ဗီယက်နမ်မလေးများရဲ့ မိန်းကလေးဆန်ပြီး ချစ်စရာကောင်းတဲ့ ဖက်ရှင်

အခုနောက်ပိုင်းခေတ်စားနေတဲ့ ဖက်ရှင်တွေထဲမှာ ဗီယက်နမ်မလေးတွေရဲ့ ချစ်စရာကောင်းတဲ့ ဖက်ရှင်ကလည်း တစ်ခုအပါအဝင်ပါပဲ။ ဗီယက်နမ်မလေးတွေရဲ့ ဖက်ရှင်မှာ အဓိက သော့ချက်သုံးချက်ရှိပါတယ်။

**၁။ ရိုးရှင်းသပ်ရပ်သော အရောင်များနှင့်ပုံစံများ**

အနက်၊ အဖြူ၊ Beige (အသားဖျော့ရောင်)လိုမျိုး ရိုးရှင်းပြီး အခြေခံကျတဲ့အရောင်တွေ (သို့မဟုတ်) အရောင်နုတွေ (ဥပမာ- ပန်းရောင်နု၊ အပြာနုရောင်)ကို အဓိက ဝတ်ဆင်လေ့ရှိပါတယ်။ အင်္ကျီပုံစံတွေက ပွပွကြီးမဟုတ်ဘဲ ကိုယ်နဲ့ အနေတော် မကျပ်လွန်း၊ မချောင်လွန်းဖြစ်ပြီး သပ်သပ်ရပ်ရပ်ပုံစံမျိုးဖြစ်ပါတယ်။

**၂။ မိန်းမသားဆန်သော ဒီဇိုင်းများ**

လေယူရာ ယိမ်းနွဲ့နေတဲ့ ဂါဝန်တွေ၊ အလွှာလိုက် ခေါက်ထားတဲ့ စကပ်ရှည်တွေနဲ့ စကပ်တိုတွေကို ဝတ်ဆင်လေ့ရှိပြီး နူးညံ့တဲ့ အမျိုးသမီးဆန်မှုကို ဖော်ညွှန်းပါတယ်။ အင်္ကျီလက်ဖျားတွေ၊ လည်ပင်းကော်လံတွေမှာ ဖဲပြား၊ ဇာ (သို့မဟုတ်) အလှအထပ် အနည်းငယ် ထည့်သွင်းထားတဲ့ ဒီဇိုင်းတွေကို ဝတ်ဆင်ကြပါတယ်။

**၃။ စမတ်ကျသော Layering နှင့် Accessories**

ရိုးရှင်းတဲ့ လည်ပင်းပုံစံ (ဥပမာ- V-neck (သို့မဟုတ်) Square Neck)ရှိတဲ့ ဘလောက်စ်အင်္ကျီလက်ရှည်တွေကို ရိုးရိုးဂျင်းဘောင်းဘီနဲ့ တွဲဖက်ဝတ်ဆင်လေ့ရှိပါတယ်။

အိတ်ကို ပွယောင်းယောင်း ပုံစံမျိုးမဟုတ်ဘဲ ပုံစံကျနတဲ့ Crossbody Bag (သို့မဟုတ်) လက်ဆွဲအိတ်လေးတွေကို ရွေးချယ်လေ့ရှိပြီး ဖက်ရှင်ကို ပိုမိုစမတ်ကျစေပါတယ်။

အများအားဖြင့် ဒေါက်ဖိနပ်တွေထက် ကြိုးသိုင်းဖိနပ်၊ Loafer (သို့မဟုတ်)Classic Sneakers တွေကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ကြပါတယ်။



အချုပ်ပြောရရင်တော့ ဗီယက်နမ်မလေးတွေဟာ အရောင်နည်းနည်းသုံးပြီး ပုံစံလေးတွေ နူးညံ့ခြင်းနဲ့ သပ်ရပ်တဲ့ အသေးစိတ်အဆင်တန်ဆာတွေနဲ့ ချစ်စရာကောင်းတဲ့ ဖက်ရှင်ကို ဖန်တီးကြတာဖြစ်ပါတယ်။ **Daisy**

# မန်းစည်ပင်

* မန္တလေး စည်ပင်သာယာ
ရည်ရွယ်ချက်သုံးရပ်ပါ
သန့်ရှင်းသာယာလှပရေး
မြို့နေလူထုစိတ်ချမ်းသာရေး။
* ဝန်ထမ်းရေးရာလုပ်ငန်းတွေ
အချိန်နဲ့ တစ်ပြေးညီဆောင်ရွက်နေ
လုပ်ငန်းလိုင်စင်ကိစ္စများ
အမြန်ပြီးစီးဖို့ ကြိုးစားထား။
* ယာဉ်၊ စက်ယန္တရားအထွေထွေ
စနစ်တကျ ခွဲဝေဆောင်ရွက်နေ
စက်သုံးဆီ ချွေတာရေး
အမြဲမပြတ် ကြီးကြပ်ပေး။
* ဈေးလုံခြုံရေးနှင့် သန့်ရှင်းရေးပါ
စည်းကမ်းထိန်းသိမ်းကြရတာ
အခွန်ငွေများ ပြည့်မီရေး
နေ့စဉ်ကြီးကြပ်ကောက်ခံပေး။
* ပင်စင်အငြိမ်းစားဝန်ထမ်းတွေ
လစာထောက်ပံ့ကြေးပေးနေ
ဘဏ္ဍာငွေအရ၊ အသုံးများ
စာရင်းဇယားနဲ့ ကြီးကြပ်ထား။
* အခွင့်အရေးအရပ်ရပ်လုပ်ငန်းတွေ
လေလံစနစ်နဲ့ ဆောင်ရွက်နေ
ဘီးလိုမ့်ခွန်ကောက်ခံရေး
လမ်းဘေးကျူးများ သုရှင်းပေး။
* (၆)မြို့နယ်ရဲ့ အမှိုက်တွေ
ခေါင်းလောင်းတီးပြီး သိမ်းဆည်းနေ
မြောင်းရေလျှံမှု မဖြစ်စေရေး
နေ့စဉ်အမြဲ ဆယ်ယူပေး။
* မြို့အဝင်၊ အထွက်နေရာတွေ
အရိပ်ရအပင်များ ဝေဆာနေ
အကြောလျှော့ပစ္စည်းများ တပ်ဆင်ပေး
မြို့နေလူထုရဲ့ ကျန်းမာရေး။
* ရေကို ဖြန့်ဖြူးပေးနေတာ
မြေပေါ်မြေအောက် မကျန်ပါ
ရေပြတ်လပ်မှု မဖြစ်စေရေး
နေ့စဉ် အချိန်မှန်ဆောင်ရွက်ပေး။
* မြေပုံနှင့် မြေရာဇဝင်တွေ
ဂရန်ဘိုးဘွားနဲ့ အထွေထွေ
ဦးပိုင်ခွဲပြီး သက်တမ်းတိုးထား
မြို့နေလူထုအတွက် အမြဲကြိုးစား။
* (၆)မြို့နယ် အဆောက်အဦတွေ
မွမ်းမံ ပြင်ဆင်ဆောင်ရွက်နေ
မီးပွိုင့်လမ်းမီး ထိန်သာရေး
အားကြိုးမာန်တက် ကြိုးစားပေး။
* (၆)မြို့နယ်အတွင်း နေရာတွေ
နိုင်လွန်ကတ္တရာ ခင်းပေးနေ
လူကူးမျဉ်းနှင့် လမ်းအမှတ်အသား
အရောင်ခြယ်ကာ ဆေးသုတ်ထား။
* အများပြည်သူ ဖတ်ဖို့ရာ
မန္တလေးနေ့စဉ် အချိန်မှန်ကာ
စောင်ရေများများ ဖြန့်ချိရေး
နေ့၊ ညမနား ကြိုးစားပေး။
* တစ်ပတ်တစ်ခါ အစီအစဉ်မှာ
ဟင်းသီးဟင်းရွက်ဝေငှတာ
သီးနှံများ အထွက်တိုးရေး
အားသွန်ခွန်စိုက် ကြိုးစားပေး။
* အများတွေ လျော့နည်းအောင်
အကြံပြုချက်ပေး လမ်းပြဆောင်
ဘဏ္ဍာငွေ လေလွင့်မပြုန်းတီးရေး
စနစ်တကျ သေချာစစ်ဆေးပေး။ ။

**သန်းနိုင်စိုး(စိုက်/မွေး)**

{(၃၃)နှစ်မြောက် မန်းစည်ပင်နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုရေးဖွဲ့ပါသည်။}

## စာဖတ်ရှိန်မြင့်မားရေး (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲ ကျင်းပ

**ကျောက်ဆည် ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၌ ကျောင်းသား၊ ကျောင်းသူလူငယ်များ စာဖတ်ရှိန်မြင့်မားရေး (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ခရိုင်လူထု အခြေပြုဗဟို ဌာနတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကျောင်းသား၊ ကျောင်းသူများ စာပေဖတ်သည့် အလေ့အကျင့်များ ရရှိလာစေရန်နှင့် စဉ်းစားတွေးခေါ်မှု မြင့်မားလာစေရေး၊ စာကြည့်တိုက်နှင့် အကျွမ်းတဝင်ရှိပြီး စာပေချစ်မြတ်နိုးသည့်စိတ်များ ဖြစ်ပေါ်လာရေး၊ ယဉ်ကျေးလိမ္မာပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များ ဖြစ်လာစေရေးနှင့် ဦးစီးအရာရှိဒေါ်ခင်နှင်းရီက မျိုးချစ်စိတ်များ ရှင်သန်ခိုင်မာရေးအတွက် ပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲများ ကျင်းပခဲ့ရာ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိတို့က ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများကို အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့ကြောင်းနှင့် ပြိုင်ပွဲအပြီးတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်များနှင့် အသိပညာပေး နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)(၄၈၅)**








## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို မြို့နယ်အဆင့် ကဗျာ၊ ပန်းချီနှင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**မိုင်းပျဉ်း ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့တွင်(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် ကဗျာ၊ ပန်းချီနှင့် စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ပညာရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်လွင်က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ပြောကြားသည်။ ထို့နောက် ပြိုင်ပွဲများကို စတင်ရာ ကဗျာပြိုင်ပွဲတွင် အလယ်တန်းအဆင့် ရှစ်ဦး၊ အထက်တန်းအဆင့် ခြောက်ဦး၊ ပန်းချီပြိုင်ပွဲတွင် မူလတန်းအဆင့်သုံးဦးနှင့် စာစီစာကုံးပြိုင်ပွဲတွင် အလယ်တန်းအဆင့် ခုနစ်ဦး၊ အထက်တန်းအဆင့် ခြောက်ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၃၀ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါ(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို ကဗျာ၊ ပန်းချီနှင့် စာစီစာကုံးပြိုင်ပွဲတွင် မိုင်းပျဉ်းမြို့နယ်အတွင်းရှိ အ·ထ·က ကျောင်း၊ အ·ထ·က(ခွဲ)၊ အ·ထ·က(မိုင်းပုအွန်)နှင့် အ·ထ·က(မိုင်းမန်း) တို့မှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြခြင်းဖြစ်ကြောင်း ပညာရေးဌာနမှ သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

တံတားနှင့်လမ်း၊ ဆေးခန်းနှင့် ကျောင်း၊ ဆည်မြောင်းနှင့် ကန် သစ်ပင်ရုံမှ သဏ္ဍာန်လုပ ပန်ရလိမ့် ။

# ကျက်သရေဆောင် ဘုရားငါးဆူစေတီတော်မြတ်ကြီးဗုဒ္ဓပူဇနိယနှင့် ဓာတုပူဇနိယပွဲတော်အထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ အခမ်းအနားပြုလုပ်



**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့ ကျက်သရေဆောင် ဘုရားငါးဆူစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယနှင့် ဓာတုပူဇနိယပွဲတော် အထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ဘုရားငါးဆူ စေတီတော်မြတ်ကြီး၏ ရှေ့မှ စတင်ကာ မြို့တွင်း တစ်ပတ် လှည့်လည်၍ ပြုလုပ်ရာ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်း ထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင် ရာတာဝန်ရှိသူများနှင့် ဝန်ထမ်း များ၊ စေတနာရှင်အလှူရှင်များ၊ ဘုရားဖူးပြည်သူများ တက်ရောက် ခဲ့ကြသည်။ (ဝဲပုံ)

အဆိုပါ ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို မြို့နယ်အတွင်းရှိ သံဃာတော်အပါး ၇၀ တို့အား ဆွမ်းဆန်တော်၊ ဆီ၊ ဆေးဝါး များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းမျိုးစုံ တို့ကို ဆက်ကပ်လောင်းလှူ ခဲ့ကြသည်။

ဘုရားငါးဆူစေတီတော်မြတ် ကြီးဗုဒ္ဓပူဇနိယနှင့် ဓာတုပူဇနိယ ပွဲတော်ကို အသံမစဲ မဟာပဋ္ဌာန်း ကျမ်းတော်မြတ်ရွတ်ဖတ်ပူဇော် ခြင်း၊ ဆွမ်းနှင့် လှူဖွယ်ပစ္စည်း များ ဆက်ကပ်လှူဒါန်းခြင်း၊ စတု ဒိသာကျွေးမွေးခြင်း၊ ဆွမ်းဆန် စိမ်းလောင်းလှူခြင်း၊ ဒေသစုံမှ လာရောက်သည့် ဈေးရောင်း၊ ဈေးဝယ်များ၊ အနယ်နယ်အရပ် ရပ်မှ ဘုရားဖူးလာပြည်သူများ နှင့် စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပလျက်ရှိကြောင်း သိရ သည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း




**မန္တလေး ဒီဇင်ဘာ ၃၀**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းတွင် ယမန်နေ့နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင် အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ သင်တန်းကျောင်း ကထိက ဆရာတော် ဘဒ္ဒန္တ ကေသရက ကောင်းမှုကုသိုလ် အစုစုတို့အတွက် ရေစက်ချအနု မောဒနာ တရားဟောကြားချီး မြှင့်ပြီး ဖခင် ဦးလှတင့်၊ မိခင် ဒေါ်ဆွေဆွေတို့အား ရည်စူး၍ မန္တလေးမြို့နေ အလှူရှင် ကိုခင် မောင်ထွေး+ မအေးယုမွန်၊ (မြေး)မဟေမာန်ငြိမ်း မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင် အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၁၈ သိန်း၊ ဖြည့်စွက်လှူဒါန်း ငွေကျပ် ၇ သိန်း၊ စုစုပေါင်း ငွေကျပ် ၂၅သိန်းကို ပေးအပ် လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ဝင် ဦးမြင့်စိန်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။

အလှူရှင်မိသားစုက ကျောင်း အုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်း သား သံဃာတော်များအား နေ့ ဆွမ်းဆက်ကပ်၍ သံဃာတော် တစ်ပါးချင်းစီအား လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**PNT**

# အရန်မီးသတ်တပ်ဖွဲ့ (၂၂၉)ကြိမ်မြောက် သံဃာတော်နှင့် သာမဏေများအား အရုဏ်ဆွမ်းလောင်းလှူ

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေး၊ အောင်မြေသာစံ မြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ ၈၉ လမ်း၊ ၈လမ်းနှင့်၉လမ်းကြား၊ ညောင်ကွဲရပ်ကွက် အရန်မီးသတ် တပ်ဖွဲ့ရုံးရှေ့၌ ဒီဇင်ဘာ၂၆ ရက် နံနက်ပိုင်းက (၂၂၉)ကြိမ်မြောက် သံဃာတော်နှင့် သာမဏေများ အား အရုဏ်ဆွမ်းလောင်းလှူခဲ့ သည်။



အရုဏ်ဆွမ်းလောင်းလှူဒါန်း ရာတွင် မြို့နယ်အရန်မီးသတ် တပ်ဖွဲ့ တပ်ခွဲ(၃)တပ်ခွဲမှူး ဇော် ဝင်းအောင်၊ အရန်မီးသတ်တပ်ဖွဲ့ တပ်စုမှူး တင်မောင်ဆန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ် ကွက်မိသားစုဝင်များ ပူးပေါင်း ၍ ရပ်ကွက်အတွင်း လေးပြင် လေးရပ်မှ ဆွမ်းခံကြွရောက်လာ ကြသော သံဃာတော်၊သာမဏေ ၁၅၀ ပါးအား ဆွမ်း၊ ဆွမ်းဟင်း လျာများ လောင်းလှူဒါန်းခဲ့ကြ ကြောင်း သိရသည်။**(အပေါ်ပုံ)**

**(၀၇၀)**

# ယခင်စံပြကျောင်းသားဟောင်းများနှင့် အ.ထ.က(၂)ကျောင်းသား၊ ကျောင်းသူဟောင်းများ(၂၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပ

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၌ ယခင်စံပြကျောင်းသားဟောင်း များနှင့် အ.ထ.က(၂)ကျောင်း သား ကျောင်းသူဟောင်းများ၏ (၂၈)ကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီက ပညာဂုဏ် ရောင်ဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ကြပြီး ကျောင်းသား ဟောင်းတစ်ဦးက ကန်တော့လွှာ တိုင်ကြား၍ အနန္တဂိုဏ်းဝင် ဆရာကြီး၊ ဆရာမကြီးများအား ရိုသေစွာ ကန်တော့ကြပြီး ကွယ် လွန်သွားကြသော ဆရာကြီး၊ ဆရာမကြီးများကို အောက်မေ့ သတိရသောအားဖြင့် ဝင်လေ၊ ထွက်လေ သုံးမိနစ်ပွားများကြ သည်။

ထို့နောက် ကန်တော့ခံ ဆရာ ကြီး၊ ဆရာမကြီးများကိုယ်စား ဆရာမကြီး ဒေါ်မြစိန်နှင့် ဆရာ မကြီး ဒေါ်ကြင်အေးတို့က ဩဝါဒ စကားများချီးမြှင့်ကြပြီး ကျောင်း သားဟောင်း ဦးဝင်းနိုင်က ဆရာ ကန်တော့ပွဲဖြစ်မြောက်ရေး ပံ့ပိုး ကူညီကြသူများကို ကျေးဇူးတင် စကားပြောကြားခဲ့သည်။

အဆိုပါ (၂၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲသို့ ယခင်စံပြ ကျောင်းသား၊ ကျောင်းသူဟောင်း ကြီးများ၊ အမှတ်(၂)အ.ထ.က ကျောင်းသား၊ ကျောင်းသူဟောင်း များ စုစုပေါင်း အင်အား ၅၀၀ ခန့် တက်ရောက်ခဲ့ကြပြီး သက် ပြည့် အငြိမ်းစားပင်စင်ယူခဲ့ကြ သည့် ကန်တော့ခံဆရာကြီး၊ ဆရာမကြီး ၁၁၂ ဦးရှိသည့် အနက် ၈၀ ဦး တက်ရောက်ခဲ့ ကြောင်း သိရသည်။



(ဝဲပုံ)

(၄၅၆)

# ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံသို့ အလှူငွေလှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၃၀**

ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကရေဆရာတော်ကြီးတည် ထောင်ဖွင့်လှစ်တော်မူခဲ့သည့် နန်းတော်ရှေ့ ၆၂လမ်းနှင့်၁၄လမ်း ထောင့်၊ ဒေါနဘွားရပ်ကွက်ရှိ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံ ကြီးသို့ အလှူရှင် ကွယ်လွန်သူ




ကျေးဇူးရှင် ဘိုးဘွား၊ မိဘများ နှင့် ခင်ပွန်း၊ ဆွေမျိုး၊ မောင်နှမ များအား ရည်စူး၍ မန္တလေးမြို့နေ ဒေါ်ကြူကြူအေး(သမီး) မကေဇင် ဝင့်မို(ဆာကေကျုန်စာသင်ကျောင်း၊ မြောက်ဒဂုံ)မိသားစုတို့က မျက်စိ ကုသမှုလုပ်ငန်းများတွင် သုံးစွဲရန် အလှူငွေကျပ် ငါးသိန်း၊ ဦးအောင် မိုး+ဒေါ်နီနီဆင့်မိသားစုက အလှူ ငွေကျပ်တစ်သိန်း၊ မိခင်ဒေါ်ရီရီ အားအမှူးထား၍ (သား)ဦးမောင် မောင်လေး+ဒေါ်သင်းသင်းနွယ် မိသားစုက အလှူငွေကျပ်ငါး သောင်း၊ ဦးကျော်ဆန်းဝင်း+ ဒေါ်မာမာရွှေမိသားစုက အလှူ ငွေကျပ်သုံးသောင်းတို့ကို ယမန် နေ့က အသီးသီးလာရောက်လှူ ဒါန်းခဲ့ကြရာ ဆေးရုံ ဥပဋ္ဌာကက အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းက လက်ခံ ရယူပြီး ကျေးဇူးတင်စကား ပြော ကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာ များ ပြန်လည်ပေးအပ်ခဲ့သည်။

ဇီဝိတဒါနသာသနာ့အထူးကု ဆေးရုံကြီး(မန္တလေး)သို့ ဆွမ်း ပဒေသာပင်၊ ဆေးပဒေသာပင် နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ၆၂လမ်းနှင့်၁၅ လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာန ဖုန်း ၀၉-၈၉၂၉၅၃၀၈၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၁)**

# ဝေမျှခြင်းပရဟိတမိသားစု(ရန်ကုန်) သောက်သုံးရေလှူဒါန်း

**ညောင်ဦး ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၌ သောက်သုံး ရေလိုအပ်လျက်ရှိသော တောင် ဇင်းအုပ်စု၊ စံပြကျေးရွာ၊ ဝွေးပင်ဥ ကျေးရွာသို့ ဝေမျှခြင်းပရဟိတ မိသားစု(ရန်ကုန်)က ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက သောက်သုံးရေသွားရောက်လှူဒါန်း ခဲ့သည်။

သောက်သုံးရေလိုအပ်လျက် ရှိသော ကျေးရွာများသို့ ရန်ကုန် မြို့ ဝေမျှခြင်းပရဟိတမိသားစုက စံပြကျေးရွာ၊ ဝွေးပင်ဥ တဲတိုက် သို့ သောက်သုံးရေဂါလန် ၁၆၀၀ လှူဒါန်းပေးခဲ့ကြောင်း အေးမေတ္တာ သောက်ရေအလှူတော်အသင်း ဦးဝင်းမင်းထွန်းက ပြောကြား၍ သိရသည်။ ဝေမျှခြင်းပရဟိတ မိသားစု(ရန်ကုန်)မှ ညောင်ဦးမြို့နယ် အတွင်းရှိ အခြေခံပညာကျောင်း များ၊ ကျေးရွာများသောက်သုံးရေ လိုအပ်ချိန်များတွင် ကျေးရွာများ သို့ သွားရောက်လှူဒါန်းပေး လျက်ရှိကြောင်း သိရသည်။

**(၄၈၁)**

# ကျွန်မရေးပြီ ဘဝသူဌေးမ

ညပိုင်းအနားယူချိန် ကျွန်မ စာရေးချင်စိတ် ဖြစ်ပေါ်နေ၏။ စာကိုသာရေးချင်နေသည်၊ ရေးရမည့်အကြောင်းအရာမရှိသေးပါ။ ကျွန်မသည် စာရေးချင်စိတ်ထက်သန်နေသည့်အတွက် ရေးရမည့်အကြောင်းအရာကို ထပ်ခါထပ်ခါ တွေးတောစဉ်းစား ရှာဖွေနေမိသည်။ အမေရိကန် စာရေးဆရာကြီးတစ်ဦး၏ အဆိုအမိန့်တစ်ခုကို အမှတ်ရသွား၏။

အဆိုအမိန့်ကား 'အင်္ကျီအိတ်ထဲ လက်နှိုက်ပြီး ကမ္ဘာလောကကြီးကို မော့ကြည့်မနေစမ်းပါနဲ့။ လောကကြီးအကြောင်းကိုရေးဖို့ မင်းလက်ထုတ်ပြီး အဲ့ဒီကမ္ဘာကြီးနဲ့ ထိတွေ့လိုက်စမ်းပါ' ဟူ၍ ဖြစ်သည်။ ထိုစာပိုဒ်လေးက စာရေးချင်စိတ်ဖြစ်ပေါ်နေသည့် ကျွန်မအတွက် အားတက်စရာ အဆိုအမိန့် ဖြစ်နေပေ၏။

သူပြောသလို ဟုတ်ပေသားပဲ။ လောကကြီးအကြောင်း ရေးရမှာပေါ့။ လောကကြီးဆိုသော စကားရပ်မှာ ရေးစရာတွေ အတော်ကျယ်ကျယ်ပြန့်ပြန့်ရှိပေ၏။ လောကနှင့်ပတ်သက်၍ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကဟူ၍ လောကသုံးပါးတွင် ထုံးထားစံနမူနာယူ၍ ရေးရန်မူ ရေးရန်အကြောင်းအရာများစွာ ရှိနေသည် မဟုတ်ပါလား။ သို့ဖြစ်၍ လောကအကြောင်း၊ ဓမ္မအကြောင်း၊ ဘဝအကြောင်း သောင်းပြောင်းထွေလာ ရေးစရာတွေကား တစ်ပုံတစ်ပင်ဖြစ်သည်။

ရေးစရာအကြောင်း ပေါများလွန်းနေ၍ ကျွန်မ ရေးရန် နောက်ထပ် စဉ်းစားရပြန်၏။ သတ္တဝါတို့အကြောင်းကို ရေးရမလား၊ တောတောင်ရေမြေတို့နှင့်ပတ်သက်သော အကြောင်းကို ရေးရမလား။ အများနှင့်ပတ်သက်သူတို့ဖြစ်သည့် ရုပ်ရှင်မင်းသားနှင့် ရုပ်ရှင်မင်းသမီးတို့အကြောင်းကို ရေးရမလား။ နာမည်ကြီးအဆိုတော်အကြောင်းကို ရေးရမလား။ ဒါမှမဟုတ် ကိုယ့်ဘဝကိုယ့်အကြောင်းကို ရေးရမလားဟုပါ။ ခဏမှာပင် ရေးစရာအကြောင်းအရာကို စဉ်းစားတွေ့ရှိသွား၏။

ထို့ကြောင့် ကျွန်မ စာရေးပါတော့မည်။ ရေးမည်ဆိုသော်လည်း သူများအကြောင်းကိုဖြင့် မရေးရဲပါ။ အမှားပါလျှင် ပြဿနာတက်မည် စိုးရိမ်ပါ၍ အမှားမပါသော၊ စာရေးမခက် အရေးသွက်မည့် သူဌေးမတစ်ယောက်၏ ဘဝအကြောင်းကိုသာ ရေးဖို့ ဆုံးဖြတ်ချက် ချလိုက်ပါတော့သည်။

သူဌေးမဆိုသူကား အခြားသူတော့မဟုတ် ကျွန်မပင်တည်း။ ကျွန်မကို အခင်မင်ဆုံးသူငယ်ချင်းများက တွေ့လျှင် သူဌေးမဟု ခေါ်ကြသည်။ သူငယ်ချင်းများကို ဘာကြောင့် သူဌေးမဟု ခေါ်ကြောင်း ပြန်မေးကြည့်ရာ 'နင်က ငါတို့လို အပြင်ထွက်ပြီး အလုပ်လည်း မလုပ်ရတဲ့သူ။ အိမ်ထဲမှာ ဇိမ်ကျကျ ရှိုးအပြည့်နဲ့ နေရသူ'မို့ ခေါ်ပါသတဲ့လေး။ ဒါက သူတို့ အထင်နဲ့အမြင်ကိုး။

သူငယ်ချင်းများက ကျွန်မကို ဇိမ်နဲ့အိမ်ထဲနေရသူဟု ထင်ကြသည်မှာ အမြင်အရ မမှားပါ။ သူတို့ အိမ်သို့ရောက်ရောက်လာလေတိုင်း ကျွန်မကိုတွေ့လျှင် အလုပ်လုပ်နေရသူနဲ့မတူ သပ်သပ်ရပ်ရပ် ပုံစံနဲ့ တွေ့မြင်ကြရသည်ကိုး။ ကျွန်မကလည်း ဘယ်လောက်အလုပ်တွေ လုပ်ရလုပ်ရ အလုပ်လုပ်နေချိန်မှာလည်း သပ်သပ်ရပ်ရပ်၊ သန့်သန့်ရှင်းရှင်း ဝတ်ပြီး လုပ်ကိုင်ရမှ။ နောက်ပြီး အလုပ်လုပ်ပြီးလျှင်လည်း ရေချိုးလိုက်ရမှ၊ ရေချိုးပြီးလျှင်လည်း သနပ်ခါးဖွေးဖွေးလေးနဲ့ နေရမှ ကျေနပ်သောသူ ဖြစ်သည်။

သူငယ်ချင်းများက ကျွန်မကို အားကျနေသလို ကျွန်မကလည်း သူငယ်ချင်းများကို အားကျမိသည်။ ကျွန်မအားကျသော သူငယ်ချင်းများ၏ အကြောင်းကိုလည်း ရေးပြရပါဦးမည်။ ကျွန်မ၏ သူငယ်ချင်းများသည် ပညာရေးဝန်ထမ်းများနှင့် အနယ်နယ်အရပ်ရပ်မှ ဌာနဆိုင်ရာအသီးသီးမှာ တိုင်းပြည့်တာဝန်ထမ်းဆောင်နေကြသူ အစိုးရဝန်ထမ်း အပျိုကြီးမမများ ဖြစ်ကြသည်။

ကျွန်မမှာသာ သူငယ်ချင်းများကဲ့သို့ အပျိုကြီးလည်း မလုပ်မိ၊ အစိုးရဝန်ထမ်းလည်း မလုပ်မိပါဘဲ စီးပွားရေးလုပ်ငန်းလမ်းကြောင်းထဲ ရောက်လာကာ တစ်ပိုင်တစ်နိုင် မိသားစု အထည်ချုပ်လုပ်ငန်းလေးကို လုပ်နေမိသည်။ ကျွန်မသည် စီးပွားရေးလုပ်နေရသူတစ်ယောက်မို့ ဝန်ထမ်းလုပ်နေကြသူ သူငယ်ချင်းများအားလုံးကို တွေ့ရတိုင်း ဂုဏ်ယူလေးစားအားကျမိ၏။

သူတို့၏ ဌာနဆိုင်ရာ ဝတ်စုံလေးများနဲ့ စမတ်ကျကျ လှလှပပ ဝတ်စားထားသည်ကို တွေ့မြင်ရတိုင်း အလွန်ပင်သဘောလည်း ကျမိသည်။ ကြည့်ရသည်မှာလည်း ကျက်သရေရှိလှသည်။ တွေ့ဆုံရတိုင်း ဝန်ထမ်းမလုပ်ခဲ့မိလေခြင်းဟု ကျွန်မ နောင်တရလို့ မဆုံးဖြစ်နေ၏။ သူတို့နဲ့ တွေ့ဆုံတိုင်းလည်း အားကျမိကြောင်း ကျွန်မပြောမိသည်။ ပြောမိလေတိုင်း သူတို့ကလည်း အဲ့ဒါ နင့် အထင်နဲ့ အမြင်ကိုးလို့ ပြန်ပြောကြပြန်သည်။ သူတို့၏ ရင်တွင်းခံစားချက်ကိုတော့ ကျွန်မ မသိပါ။

သူငယ်ချင်းအပျိုကြီးများကို နောက်ထပ်အားကျမိတာရှိပါသေးသည်။ ကျွန်မ တွေ့မြင်ထားသည့် အပျိုကြီးများဘဝ အားကျရခြင်း အကြောင်းမှာကား သွားလာနေထိုင်စားသောက်မှုပုံစံ လွတ်လပ်ပေါ့ပါးခြင်း။ အိမ်မှုကိစ္စလုပ်ချင်လျှင်လုပ် မလုပ်ချင်လျှင်လည်းရခြင်း။ ကိုယ့်စိတ်နှင့် ကိုယ်နေရခြင်း။ သား၊သမီးနှင့် လင်ယောကျ်ားတို့၏ ကျန်းမာရေး၊ လူမှုစီးပွားရေးများကို အလေးမထားရခြင်း စသည့် ပူပင်ကြောင့်ကြစရာ မလိုသူများ ဖြစ်ကြ၍ပါ။ ထို့အပြင် စိတ်သွားတိုင်း ကိုယ်ပါသောသူများ ဖြစ်ခြင်းကြောင့်တည်း။

သူတို့ အားကျနေသော အိမ်ထောင်ရှင်မဖြစ်သူ ကျွန်မ၏ ရင်တွင်းပူပင်သောကနှင့် အလုပ်များမှာဖြင့် များပြားပါဘိ။ သူငယ်ချင်းများက အပေါ်ယံအမြင်နဲ့သာ ကျွန်မကို အားကျနေကြ၏။ ကျွန်မ အိမ်ရှင်မဆိုသည်ကို မေ့နေကြဟန်ရှိသည်။ အိမ်ရှင်မတစ်ယောက် လုပ်သင့်လုပ်ထိုက်သည့် အိမ်မှုကိစ္စများကို ကျေပွန်စွာ လုပ်ဆောင်ပါလျှင်၊ မပျင်းပါလျှင် ဖင်ပါသည်မှာ အလကားထိုင်၍ နားချိန်ပင် မရှိ။ နံနက်မိုးလင်းသည်မှ ညအိပ်ရာဝင်သည်အထိ မိန်းမတစ်ယောက် လုပ်စရာ အိမ်မှုကိစ္စက များပြားပါဘိ။

အိမ်ရှင်မတစ်ယောက်လုပ်ရသော အလုပ်က မိသားစုများလျှင်များသလို၊ အိမ်ကျယ်ရင်ကျယ်သလို၊ စီးပွားရေးလုပ်ငန်း ရှိရင်ရှိသလို အင်မတန်ကိုပဲ များပြားလှပေသည်။ မိသားစုများသည့် အိမ်ထောင်စုဖြစ်လျှင် ထမင်း၊ ဟင်းချက်ရသည်ကအစ တော်တော်နှင့် မပြီးနိုင်။ ကျွန်မဆိုလျှင် နံနက်မိုးလင်းကတည်းက နံနက်စာ၊ နေ့လယ်စာများကို သွက်သွက်လက်လက် ချက်ပြုတ်ကြော်လှော်ရသည်။ အစားမညီသော ဟင်းကိုချက်မိပါလျှင် ထိုနေ့အဖို့ ဟင်းအမယ်မယ် ချက်ပေးရ၍ အချိန်နှစ်နာရီ၊ သုံးနာရီကြာတတ်သည်။ အိမ်သူ၊ အိမ်သားများ၏ နံနက်ခင်းစာအတွက်လည်း လွတ်ထားမရ။ ပါဝင်လုပ်ဆောင်ပေးရသည်။ သား၊သမီးများ ကျောင်းမသွားခင် စားသောက်ရန် ပြင်ဆင်ပေးရသေး၏။ အဲ့ဒါတွေပြီးမှ ကျွန်မ အလှည့်ကျ၍ နံနက်ခင်းစာကို စားရသည်။ စားပြီးလျှင်လည်း ဘုရားခန်း၊ ဧည့်ခန်း၊ အိပ်ခန်း၊ မီးဖိုဆောင်၊ ရေချိုးခန်းနှင့် အိမ်သာခန်းတို့ကို သန့်ရှင်းရေးများ တန်းစီလုပ်ရသည်။

အိမ်မှာက ဧည့်အဝင်အထွက်များသည်။ သန့်ရှင်းဖို့လိုသည်။ သန့်ရှင်းရေးအမြဲလုပ်ပါလျှင် အိမ်သူရော၊ ရောက်လာသူဧည့်သည်များပါ စားရေး၊ သောက်ရေး၊ နေထိုင်ရေးမှန်သမျှ သန့်သန့်ရှင်းရှင်းနဲ့ ကောင်းမွန်စွာ နေထိုင်စားသောက်ရသည့် ကောင်းကျိုးရရှိပြီး လူလည်းကျန်းမာ၊ စိတ်လည်းချမ်းသာရသည်။ အိမ်လည်း ကျက်သရေတိုးသည်။

နောက်ထပ် မွန်းမတည့်ခင်၊ ရေမချိုးခင် တစ်မိသားစုလုံး၏ အဝတ်များ လျှော်ဖွပ်ရသည်။ အဝတ်လှန်းရသည်။ ထို့နောက် ရေချိုး၊ သနပ်ခါးလိမ်းပြီး နေ့လယ်စာကို စားရတော့၏။ နေ့လယ်စာစားပြီးလျှင် အချို့သူတို့ ကျောခင်းအနားယူဟု ကြားဖူးပါသော်လည်း ကျွန်မမှာ နေ့ခင်းအချိန် ကျောမခင်းအားပါ။ ညနေစာချက်ရန်အတွက် အဆင်သင့်ဖြစ်ရန် ထမင်းအိုးဆေး၊ ပန်းကန်ဆေး၊ ဟင်းရွက်သင်စသော အလုပ်များကို လုပ်သည်။ နေ့လယ်ခင်းက လျှော်ဖွပ်လှန်းထားသော အဝတ်များကို ရုပ်သိမ်း မီးပူတိုက်သည်။ တစ်နေ့တာ အိမ်မှုကိစ္စမှန်သမျှ ပြီးစီးအောင် လုပ်ထားရသည်။ နောက်ရက် အိမ်မှုကိစ္စအကြွေးကျန် မရှိရအောင်ပါ။ လုပ်စရာလက်ကျန် အကြွေးရှိပါက နောက်ရက် အလုပ်နှစ်ဆ လုပ်ရပြီသာမှတ်။

နံနက်ပိုင်းမှ ညနေပိုင်းအချိန်တို့ကြား အိမ်မှုကိစ္စများ လုပ်နေရင်း စီးပွားရေး၊ လူမှုရေးများကို ကြားညှပ်လုပ်ရသေး၏။ တစ်ရက်ဟူသော အချိန်သည် အိမ်ရှင်မဖြစ်သူ ကျွန်မအတွက် မည်သို့ပင် အချိန်ကုန်ဆုံးသွားသည်ကိုပင် မသိလိုက်ရ။ နေဝင်သွား၍သာ အိမ်မှုကိစ္စများကို ရပ်လိုက်ရသည်။

အလုပ် လုပ်စရာ ပေါပါဘိ။ ညရောက်မှသာ ကျွန်မဝါသနာပါသည့် အရာမှန်သမျှကို လုပ်ရပေတော့၏။ ဒါနဲ့များ ကျွန်မကို သူငယ်ချင်းများက အိမ်ထဲမှာ ဇိမ်ကျကျနေရသော သူဌေးမလို့ပင် နာမည်ပေးတတ်ကြသည်။

တကယ်တော့ ကျွန်မသည် သူငယ်ချင်းများ ပြောသလို အိမ်ထဲမှာ ဇိမ်ကျကျနေရသူ မဟုတ်ပါ။ သို့သော်လည်း ကျွန်မပျော်ရွှင်ရပါ၏။ ကျွန်မက အိမ်ထောင်ရှင်မိန်းမသား မဟုတ်ပေလား။ မိသားစုစားဝတ်နေရေးအတွက် စီးပွားရေးလုပ်ငန်းများ၊ အိမ်မှုကိစ္စများကို အိမ်ထဲမှာ တကုပ်ကုပ်လုပ်နေကာ ကျွန်မချစ်ရသော မိသားစုကို ကူညီဖေးမပြီး သူတို့၏ လိုအင်များကို ဖြည့်ဆည်းပေးနေရ၍ ဖြစ်သည်။ နောက်ပြီး ကျွန်မဝါသနာပါသည့် စာရေးခြင်း၊ ကဗျာရေးခြင်းများကို လုပ်နေရပါက ကျေနပ်ပျော်ရွှင်နေသူပါ။

အဆုံးဆိုရလျှင် 'ကျွဲကူးရေပါ' ဆိုသော စကားလို မဆုံးနိုင်သော အိမ်ထောင်မှု တာဝန်ဝတ္တရားများ၊ လူမှုရေးရာကိစ္စများကို လုပ်ရင်းကိုင်ရင်း ကဗျာရေးသည့် ကဗျာသူဌေးမ။ စာရေးသည့် စာသူဌေးမဟူ၍သာ ဆိုလိုက်ချင်ပါတော့သည်။ ဝါသနာအတွေး၊ ဝါသနာအရေးများကို ဦးစားပေးနိုင်သူများဖြစ်နိုင်ကြစေရန် ရည်သန်ရင်းဖြင့် ကဗျာလေးရေးပြီး အဆုံးသတ်လိုက်ပါတော့၏။

**အိမ်ထောင်ပြုမှု**

**အိမ်မှုကိစ္စ**
**မှန်သမျှကို**
**လုပ်ကြရ၏ ။**
**ကိုယ့်မိသားစု**
**လိုအပ်မှုနှင့်**
**ပြုဖွယ်မှန်သမျှ**
**ဖြည့်ဆည်းရ၏**
**ကိုယ်က မိန်းမ မဟုတ်လား ။ ။**

**စိမ်းလဲ့ဝါ(မန်းမြေ)**

> ကျွန်မသည် သူငယ်ချင်းများပြောသလို အိမ်ထဲမှာ ဇိမ်ကျကျနေရသူ မဟုတ်ပါ။ သို့သော်လည်း ကျွန်မပျော်ရွှင်ရပါ၏။ ကျွန်မက အိမ်ထောင်ရှင်မိန်းမသား မဟုတ်ပေလား။ မိသားစုစားဝတ်နေရေးအတွက် စီးပွားရေးလုပ်ငန်းများ၊ အိမ်မှုကိစ္စများကို အိမ်ထဲမှာ တကုပ်ကုပ်လုပ်နေကာ ကျွန်မချစ်ရသောမိသားစုကို ကူညီဖေးမပြီး သူတို့၏လိုအင်များကို ဖြည့်ဆည်းပေးနေရ၍ ဖြစ်သည်။ နောက်ပြီး ကျွန်မဝါသနာပါသည့် စာရေးခြင်း၊ ကဗျာရေးခြင်းများကို လုပ်နေရပါက ကျေနပ်ပျော်ရွှင်နေသူပါ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၅)၊ ဦးပိုင်အမှတ်(၄၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ၄၇လမ်းနှင့် ၄၈လမ်းကြား၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြားရှိ မြေကွက်အား ချထားပေးခြင်းခံရသူ ဒေါ်ခင်သောင်း(ကျောင်းအုပ်ငြိမ်း)(၉/မနမ(နိုင်)၀၆၆၅၉၇)(DL-၀၁၉၆၈၄)က မြေချထားမိန့်(စလစ်)၊ လမ်းဖိုး၊ မြေဖိုးငွေရပြေစာများမှာ လက်ဝယ်တွင်ပျောက်ဆုံးသွားကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန့်သစ်လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(G)၊ ဦးပိုင်အမှတ်(၅၇)၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ ၁၀၅လမ်းနှင့် ၁၀၉လမ်းကြားရှိ ဦးကံထူးအမည်ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၃၁၆/၂၀၂၁)ဖြင့် အမွေဆက်ခံခဲ့သည့် ဦးပြူး(၉/မရတ(နိုင်)၀၀၆၄၀၃)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၃၉/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သန်းသန်းနွယ်(၉/သပက(နိုင်)၀၃၄၁၅၀)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်(တတ-၁၀)၊ ဦးပိုင်(၇၃)မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၀)၊ ဦးပိုင်အမှတ်(၇၃)မြေကွက်သည် မြို့ကွက်သစ်ဖော်ထုတ်ရေးအဖွဲ့မှ မြေချထားခံရသူ ဦးမြမောင်ထံမှ ကျွန်မဒေါ်ဝင်းမြင့်(ဘ)ဦးစောရွှေမိသားစုက အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပြီး နှစ်ပေါင်း(၂၀)ကျော် လက်ရှိထား နေထိုင်ပိုင်ဆိုင်လာသည်မှာ ယနေ့အချိန်အထိဖြစ်ပါသည်။ မြေကွက်၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများမှာ ပျောက်ဆုံးခဲ့သဖြင့် ၂၀၀၉ခုနှစ်တွင် သတင်းစာ၌ ကြေညာထားခဲ့ပါသည်။ ၂၀၁၃ခုနှစ်တွင် ဦးဝင်းမောင်ဆိုသူက ကျွန်မတို့မိသားစု နေထိုင်ပိုင်ဆိုင်သော မြေကွက်အား ပိုင်ဆိုင်မှုစာရွက်စာတမ်းအတုများဖြင့် ပြုလုပ်ရောင်းချသည်ဟုဆိုကာ ဒေါ်ငွေငွေဆိုသူက ဦးဝင်းမောင်အား မဟာအောင်မြေမြို့နယ်တရားရုံးတွင် ရာဇသတ်ကြီးပုဒ်မ(၄၂၀)ဖြင့် တရားစွဲဆိုခဲ့သောအမှုတွင်လည်း ကျွန်မဒေါ်ဝင်းမြင့်က မြေကွက်၏ လက်ရှိနေထိုင်ပိုင်ဆိုင်သူအနေဖြင့် သက်သေထွက်ဆိုခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါ၂၀၁၃ခုနှစ်က အမှုဖြစ်ပွားခဲ့ကြသည့် ဦးဝင်းမောင်၊ ဒေါ်ငွေငွေတို့ထံမှမြေကွက်အား ဝယ်ယူထားပါသည်ဟုဆိုကာ ဦးကာရံနှာဗဟာဒူး(ဘ)ဦးဒီးလ်ဗဟာဒူးဆိုသူက ဂရန်အမည်ပေါက်လျှောက်ထားခြင်းများဆောင်ရွက်နေကြောင်း ကြားသိရပါသည်။ သို့ဖြစ်ပါ၍ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၀)၊ ဦးပိုင်အမှတ်(၇၃)မြေကွက်သည် ကျွန်မဒေါ်ဝင်းမြင့်(ဘ)ဦးစောရွှေမိသားစုက နှစ်ပေါင်း(၂၀)ကျော် လက်ရှိထားနေထိုင်ပိုင်ဆိုင်လာသော မြေကွက်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းမြင့်(ဘ)ဦးစောရွှေ(၅/ ရဥန(နိုင်)၀၀၂၁၆၂)**

**ဖုန်း ၀၉-၄၃၀၆၂၈၄၄၊ ၀၉-၆၉၃၁၁၀၁၉၈**

## မွေးသက္ကရာဇ်အမှန်

(ဘ)ဦးစောညီညီစိုး၏ သမီး၊ မန္တလေးတိုင်း၊ ကျောက်ဆည်မြို့နယ်(သံရွာ၊ နောက်)နေ မနိုင်စိုးကျော်၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်တန်းအောင် အောင်လက်မှတ်အရ (၂၈-၅-၁၉၉၉)ဖြစ်ပါကြောင်း။

**မနိုင်စိုးကျော်(၂၈-၅-၁၉၉၉)**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(တတ-၁၉)၊ ဦးပိုင်အမှတ်(၆၆)ခဲစင်းတောင်ဘက်ခြမ်း၊ ၅၇လမ်းနှင့် ၅၈လမ်းကြား၊ ၁၂၃လမ်းနှင့် ၁၂၄လမ်းကြားရှိ ဒေါ်ခင်ကြည်အမည်ပေါက်ဂရန်မြေကွက်အား တရားလို ဦးသိန်းမင်းထိုက်က တရားပြိုင် ဒေါ်ခင်ကြည်(၎င်း၏ SP ရသူ ဦးထွန်းရွှေ)အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၄၅/၂၀၂၅)ဖြင့်တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးသိန်းမင်းထိုက်(၅/တဆန(နိုင်)၁၁၃၅၀၆)က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၇၆)၊ ဦးပိုင်အမှတ်(၂-က)၊ ၃၆လမ်း၊ ၇၆လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မာကြည်(၅/ကဘလ(နိုင်)၀၅၁၂၂၅)၊ ဒေါ်မြတ်ဆုသက်ပိုင်(၉/မဟမ(နိုင်)၀၅၃၅၉၀)တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်(၄၈၀-က)၊ ဦးပိုင်အမှတ်(၁၈)ခဲစင်းမြောက်ခြမ်း၊ စစ်ကိုင်း-မန္တလေးကားလမ်း၊ ချမ်းမြဝတီပန်းခြံအနီးရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သိန်းမိ(၉/မရတ(နိုင်)၀၄၇၄၄၈)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၁၅၇/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ရွှေစင်ဝင်း(၉/စကန(နိုင်)၀၅၃၃၀၈)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဓ-၉)၊ ဦးပိုင်အမှတ်(၈-က)၊ လမ်း၆၀၊ ၁၁၁လမ်းနှင့် ၁၁၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရန်ယုတီ(၁၃/နခန(နိုင်)၀၃၅၈၅၈)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၅၀၄/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်စုစုခင်(၁၃/မဆတ(နိုင်)၀၆၃၁၇၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၆)၊ ဦးပိုင်အမှတ်(၄)၊ ၆၀(A)လမ်းနှင့် ၆၀(B)လမ်းကြား၊ ၁၂၁လမ်းနှင့် ၁၂၂လမ်းကြားရှိ တကကထွန်းအောင်အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးအောင်စိုးနိုင်က တရားပြိုင် တကကထွန်းအောင်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၀၄/၂၀၂၅)ဖြင့်တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးအောင်စိုးနိုင်(၅/ငဇန(နိုင်)၀၅၂၄၈၈)က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၃)၊ ဦးပိုင်အမှတ်(၁၃-က)၊ ၅၁လမ်းနှင့် ၅၂လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးနေဝင်းထွန်း(၉/အမဇ(နိုင်)၀၁၈၈၀၁)၊ ဒေါ်မေသဲစု(၉/မဟမ(နိုင်)၀၁၁၉၇၈)တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၁၉)၊ ဦးပိုင်အမှတ်(၅၄)၊ လမ်း၅၀နှင့် ၅၁လမ်းကြား၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်တင့်(၉/မနမ(နိုင်)၀၈၄၉၅၉)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၈၂၈၈/၂၀၁၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝင်းနိုင်ဦး(၉/ပကခ(နိုင်)၀၁၃၅၅၄)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁၉)၊ ဦးပိုင်အမှတ်(၃၀)၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊ ၁၁၈လမ်းနှင့် ၁၁၉လမ်းကြားရှိ ဦးတင်သိန်းအမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးမောင်အေးက တရားပြိုင် ဦးတင်သိန်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၂၁/၂၀၂၅)ဖြင့်တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးမောင်အေး(၈/မမန(နိုင်)၁၇၂၇၃၀)က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၅)၊ ဦးပိုင်အမှတ်(၉၀)ခဲစင်း၊ ၆၈လမ်းနှင့် ၆၉လမ်းကြား၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သီတာ(၉/မနတ(နိုင်)၀၈၆၇၆၃)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၅)၊ ဦးပိုင်အမှတ်(၁၀၃+၁၀၄)အတွင်းမှ ၁၀၃ခဲစင်း၊ ၄၉လမ်းနှင့် လမ်း၅၀ကြား၊ ၁၁၀လမ်းနှင့် ၁၁၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသန့်ဇော်(၁၂/တတန(နိုင်)၀၂၅၀၆၃)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ခခ-၄)၊ ဦးပိုင်အမှတ်(၂၅)၊ ၁၀၂လမ်းနှင့် ၁၀၃လမ်းကြား၊ ၅၆လမ်းနှင့် ၅၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မေကြည်(၁၂/ဗတထ(နိုင်)၀၂၁၇၂၁)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၉၁၄/၂၀၁၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်မေရီ(၉/ညဉန(နိုင်)၀၀၄၃၄၂)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၉)၊ ဦးပိုင်အမှတ်(၇၀)၊ လမ်း၅၀နှင့် ၅၁လမ်းကြား၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြားရှိမြေကွက်အား တောဂရန်အမှုတွဲအမှတ်(၃၁၈၃/၉၁-၉၂)အရ ဗိုလ်မှူးခင်မောင်ကြူး မှတ်ပုံတင်အမှတ်(အိပ်ချ်အမ်အင်န်-၀၁၀၄၈၃)အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဒေါ်တင်တင်စန်းနိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မဟမ(နိုင်)၀၁၄၀၄၄)မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(င-၄)၊ ဦးပိုင်အမှတ်(၆၃-ခ)၊ ၆၄(စီ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရွှေရည်ဖြိုးဖြိုး(၉/မဟမ(နိုင်)၀၁၁၁၇၁)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၄)၊ ဦးပိုင်အမှတ်(၇၃)၊ ၅၁လမ်းနှင့် ၅၂လမ်းကြား၊ ၁၁၄(F)လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရောက်အေး(၁၃/လရန(နိုင်)၀၅၁၀၉၂)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(cc-၅)၊ ဦးပိုင်အမှတ်(၉၀-က)၊ ၅၅(A)လမ်းနှင့် ၁၀၄လမ်းနှင့် ၁၀၅လမ်းကြားရှိမြေကွက်အား တောဂရန်အမှုတွဲအမှတ်(၁၃၉၇/၁၉၉၁-၁၉၉၂)အရ ဦးညွန့်တင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနတ(နိုင်)၀၁၄၄၉၀)အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဒေါ်စန်းစန်းဖြူ(ခ)စမ်းစမ်းဖြူ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ဟမလ(နိုင်)၀၁၅၁၈၉)မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

❖ လူသားချင်းစာနာထောက်ထားမှုအကူအညီများဆိုသည်မှာ သက်သာသွားရုံဖြင့် ရပ်တန့်ပစ်၍မရ ...

❖ ယင်းအကူအညီများကို လူမှုကာကွယ်ရေးစနစ်တစ်ခုအတွင်းသို့ ကူးပြောင်းပေးရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၃၀ ရက်တွင် ပြုလုပ်သော ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲ(Rebuilding Myanmar : Post Earthquake Economic Recovery) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး (အမျိုးသမီး)ပြိုင်ပွဲများ စတင်ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၃၀

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲများကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်း(၄)၌ ကျင်းပရာ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲ ပထမနေ့ ပွဲစဉ်များအဖြစ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းက နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို ၂၁ မှတ် - ၁၄ မှတ်ဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို ၄၃ မှတ် - ၁၆ မှတ်ဖြင့်လည်းကောင်း၊ သမဝါယမနှင့် စာမျက်နှာ ၁၀ သို့ ❒

## ၂၀၂၅ ခုနှစ်မှ ၂၀၂၆ ခုနှစ်သို့ ကူးပြောင်းသည့် NEW YEAR NIGHT နှစ်သစ်ကူးပွဲတော်တွင် နိုင်ငံကျော်အဆိုတော်များ ပါဝင်သီဆိုမည်



**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေးမြို့တွင် ၂၀၂၅ ခုနှစ်မှ ၂၀၂၆ ခုနှစ်သို့ ကူးပြောင်းသည့် NEW YEAR NIGHT CO-UNTDOWN ပွဲတော်တွင် နိုင်ငံကျော်အဆိုတော်များပါဝင် သီဆိုမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ NEW YEAR NIGHT COUNTDOWN နှစ်သစ်ကူးပွဲတော်ကြီးကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ဒီဇင်ဘာ ၃၁ ရက် ညနေ ၆ နာရီမှ စတင်၍ ၆၆ လမ်းနှင့် ၂၆ လမ်း (ကျုံးထောင့်)တွင် ကျင်းပသွားမည်ဖြစ်ရာ နိုင်ငံကျော်အဆိုတော်များဖြစ်သည့် မယ်လိုဒီ၊ မေလသံစဉ်၊ ချစ်ခွဲသာ ၊ ခိုင်ဇင်လင်း၊ သားစိုး၊ ဖိုးသောကြာ၊ အေးမြဖြူ ရဲထွဋ်ကျော်၊ ဇော်ကို ၊ ပိုင်သစ်၊ တင်မျိုးဦးတို့နှင့် တွဲဖက်ပြီး မန်းစည်ပင် တေးဂီတအဖွဲ့၊ DJ (VE-LA)၊ Dancer တို့ဖြင့် ဖျော်ဖြေတင် ဆက်ပေးသွားမည်ဖြစ်သည်။

နှစ်သစ်ကူးပွဲတော်ကို ၂၆ လမ်း၊ ၆၆ လမ်းနှင့် လမ်း ၇၀ ကြားတွင် စားသောက်ဆိုင်များခင်းကျင်းရောင်းချပေးမည်ဖြစ်ပြီး ပွဲတော်လာပရိသတ်များ အဆင်ပြေစေရန် ၂၆ လမ်း၊ ၆၂ လမ်းမှ ၆၄ လမ်းတို့တွင်လည်းကောင်း၊ ၂၇ လမ်း၊ ၆၈ လမ်းမှ လမ်း ၇၀တို့တွင်လည်းကောင်း၊ ၆၈ လမ်း၊ ၂၇လမ်းမှ ၂၉ လမ်းတို့တွင်လည်းကောင်း ဆိုင်ကယ်၊ ကားများ အပ်နှံထားနိုင်ရန် စီစဉ်ပေးထားမည်ဖြစ်သည်။

မန္တလေးမြို့တော်သူ၊ မြို့တော်သားများအနေဖြင့် ပျော်ရွှင်စွာအတူဆင်နွှဲနိုင်ရန် ဖိတ်ခေါ်အပ်ပြီး အနယ်နယ်အရပ်ရပ်မှ မိဘပြည်သူများကိုလည်း အတူတူ ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

**ရွှေမန်း(မန္တလေးနေ့စဉ်)**

## ရတနာပုံအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်



**ရန်ကုန် ဒီဇင်ဘာ ၃၀**

မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃နာရီခွဲက ရတနာပုံအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ရတနာပုံ အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၈ မိနစ်တွင် ပြည်မိုး၊ ပွဲချိန် ၂၇မိနစ်တွင် မျိုးဇော်ဦးတို့က သွင်းယူပေးခဲ့ပြီး ဒဂုံစတားယူနိုက်တက်အသင်း အတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၁၇ မိနစ်တွင် ရန်ကျော်ထွေး၊ ပွဲချိန် ၅၈ မိနစ်တွင် သိန်းနိုင်ဇော်တို့က အသီးသီးသွင်းယူပေးခဲ့သည်။

ရတနာပုံအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ပွဲစဉ်တွင် AYA Pay Man of the Match အကောင်းဆုံးကစားသမားဆုကို ရတနာပုံအသင်းမှ ပြည်မိုးက ဆွတ်ခူးခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၀) အပြီးတွင် ရတနာပုံအသင်းက ရမှတ် ၁၈မှတ်ဖြင့် အဆင့် ၃နေရာ၊ ဒဂုံစတားယူနိုက်တက်အသင်းက ရမှတ် ၁၆မှတ်ဖြင့် အဆင့် ၅နေရာတို့တွင် အသီးသီးရပ်တည် လျက်ရှိသည်။

အခြားပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၄နာရီက ယှဉ်ပြိုင်ကစားခဲ့သည့် ဒဂုံပို့ အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ပွဲစဉ်တွင်လည်း တစ်ဖက်သုံးဂိုးစီ သရေရလဒ်ဖြင့် ပွဲစဉ်ပြီးဆုံးခဲ့သည်။

(NGB)